# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြု**

ဆာလောင်မွတ်သိပ်ခြင်းသည် အလွန်ကဲဆုံး အနာရောဂါ မည်၏။ ခန္ဓာငါးပါး သင်္ခါရတရားတို့သည် အလွန်ကဲဆုံး ဆင်းရဲ မည်ကုန်၏။ နိဗ္ဗာန်သည် အလွန်ကဲဆုံး ချမ်းသာတည်း။ ပညာရှိသည် ဤသို့ဟုတ်တိုင်းမှန်စွာသိ၍ နိဗ္ဗာန် ချမ်းသာကို မျက်မှောက်ပြု၏။

သုခဝဂ် (ဓမ္မပဒ - ၂၀၃)


၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာ ၁ ရက်၊ သောကြာနေ့ အတွဲ (၆၃)၊ အမှတ်(၀၆၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်းများတင်ပြခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် နိုဝင်ဘာ ၃၀**

၂၀၂၃ -၂၀၂၄ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်းများ တင်ပြခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက် အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ပြည်ထောင်စု စာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက် ကြပြီး ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စု ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ က ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကား ပြောကြားရာတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ ကို ၂၀၂၃ ခုနှစ်၊ မတ်လ ၃၁ ရက်တွင် အတည်ပြု ပြဋ္ဌာန်းခဲ့ပြီး အကောင်အထည်ဖော်လျက်ရှိကြောင်း၊

*စာမျက်နှာ ၃ ကော်လံ ၁* ❖



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်းများတင်ပြခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**ယနေ့** *ဖတ်စရာ*

## လာမည့် နှစ်ဆန်းပိုင်းတွင် မြန်မာနိုင်ငံသို့ ပြည်ပခရီးသွားဝင်ရောက်မှု ယခုထက် ပိုမိုတိုးတက်မည်ဟု မျှော်မှန်းထား

ပြည်တွင်းသတင်း စာ ၃

## မသန်စွမ်းသူများ အစွမ်းပြနိုင်ရေး ဝိုင်းဝန်းကူညီပေး

ဆောင်းပါး စာ ၁၀

## လေဖိအားနည်းရပ်ဝန်း ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ တဖြည်းဖြည်းအားကောင်းလာနိုင်

**နေပြည်တော် နိုဝင်ဘာ ၃၀**

ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။

အဆိုပါ အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် အနောက်- အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီးနောက် ၁၈ နာရီအတွင်း မုန်တိုင်းငယ်အဖြစ်သို့လည်းကောင်း၊ ဒီဇင်ဘာ ၃ ရက်တွင် ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်း၌ ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့လည်းကောင်း တဖြည်းဖြည်း အားကောင်းလာနိုင်သည်ဟု ခန့်မှန်းရသည်။ မိုး/ဇလ

# အိတ်ချ်အိုင်ဗွီကူးစက်မှု ကင်းဝေးသည့်လူ့အဖွဲ့အစည်း

နှစ်စဉ် ဒီဇင်ဘာလ ၁ ရက်နေ့သည် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ ဖြစ်သည်။ အိတ်ချ်အိုင်ဗွီပိုးကြောင့်ဖြစ်ပွားသည့် အေအိုင်ဒီအက်စ်ရောဂါကူးစက်ပျံ့နှံ့မှုအပေါ် သတိပြုမိကြစေရန်ဟူသော ရည်ရွယ်ချက်ဖြင့် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားများကို ကျင်းပရာတွင် မြန်မာနိုင်ငံသည်လည်း အိတ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ကြောင့် သေဆုံးသွားသူများကို သတိတရရှိကြစေရန်၊ ခုခံအားကျဆင်းမှုကူးစက်ရောဂါကို ပြည်သူ့ကျန်းမာရေးပြဿနာအဖြစ်မှ လုံးဝကင်းစင်ပပျောက်သွားသည်အထိ ကြိုးပမ်းဆောင်ရွက်ရာတွင် ပြည်သူ့ကျန်းမာရေးဝန်ထမ်းများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အိတ်ချ်အိုင်ဗွီပိုးရှိသူများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံး နိုးကြားတက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေရန် ဟူသော ရည်ရွယ်ချက်များဖြင့် ကျင်းပလျက်ရှိသည်။

အေအိုင်ဒီအက်စ်ရောဂါကို ၁၉၈၁ ခုနှစ်က အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ်တွင် စတင်တွေ့ရှိခဲ့ပြီး ဥရောပ၊ အာဖရိက၊ အာရှနိုင်ငံများသို့ ကူးစက်ပျံ့နှံ့ခဲ့ရာ နောက် ၁၀ နှစ်အကြာ ၁၉၉၁ ခုနှစ်တွင် မြန်မာနိုင်ငံ၌ အေအိုင်ဒီအက်စ်ရောဂါရှင်တစ်ဦးကို စတင်တွေ့ရှိလာခဲ့သည်။ ၂၀၂၀ ပြည့်နှစ်က မြန်မာနိုင်ငံတစ်ဝန်း အိတ်ချ်အိုင်ဗွီပိုး ကူးစက်ခံထားရသူဦးရေ ၂၄၁၆၆၂ ဦးရှိရာ ရောဂါဖြစ်ပွားမှုနှုန်း ၀ ဒသမ ၅၇ ရာခိုင်နှုန်းရှိသည်ဟု ခန့်မှန်းတွက်ချက်ထားသည်။ ၂၀၂၁ ခုနှစ် အကုန်တွင် လူဦးရေ ၂၇၀၀၀၀ ကျော် အိတ်ချ်အိုင်ဗွီပိုးကူးစက်ခံနေရသည့်အတွက် ရောဂါဖြစ်ပွားနှုန်းမှာ ၀ ဒသမ ၆၄ ရာခိုင်နှုန်းဖြစ်လာသည်။ ရောဂါအသစ်ကူးစက်ခံရမှုသည် ၂၀၀၀ ပြည့်နှစ်တွင် အမြင့်ဆုံးဖြစ်ခဲ့ပြီး ရောဂါပိုးအသစ်ကူးစက်ခံရသူ ၃၀၀၀၀ ခန့်ရှိခဲ့ရာမှ ၂၀၂၁ ခုနှစ်တွင် ၁၁၀၀၀ ခန့်သို့ ကျဆင်းလာခဲ့သည်။ အိတ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရောဂါသည် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ဖြစ်ပွားနှုန်းအမြင့်ဆုံးဖြစ်သည်ဟု သိရသည်။

အိတ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ် ကူးစက်ရာတွင် ရောဂါပိုးပါဝင်သည့်သွေးနှင့် ခန္ဓာကိုယ်တွင်းမှအရည်များ မိမိထံဝင်ရောက်ခြင်းမှ ကူးစက်နိုင်ခြင်းဖြစ်ရာ ရောဂါပိုးရှိသူနှင့် လိင်တူလိင်ကွဲလိင်ဆက်ဆံခြင်း၊ ရောဂါပိုးပါသည့်သွေး သွင်းမိခြင်း၊ ရောဂါပိုးရှိသူ သုံးစွဲထားသည့်ဆေးထိုးအပ်နှင့် ဆေးထိုးပြွန်တို့ကို ပိုးမသတ်ဘဲ နောက်တစ်ယောက်တွင် သုံးစွဲခြင်း၊ ရောဂါပိုးရှိသူ မိခင်မှ သန္ဓေသားကို ကူးစက်ခြင်း စသည့်နည်းလမ်းများဖြင့် ကူးစက်နိုင်သည်။ သို့ဖြစ်ရာ လိင်ဆက်ဆံခြင်း၊ သွေးသွင်းခြင်း၊ ပိုးမသတ်ထားသည့်ဆေးထိုးအပ်များဖြင့် ဆေးထိုးခြင်းတို့ကို သတိပြုဆင်ခြင်ကြရန်လိုသည်။ အိတ်ချ်အိုင်ဗွီပိုး ရှိမရှိ လူတစ်ယောက်၏ အပေါ်ယံလက္ခဏာသွင်ပြင်ကို ကြည့်၍ မပြောနိုင်။ ရောဂါပိုးရှိသူများစွာတို့မှာ ပုံမှန်ကျန်းမာနေသူများအဖြစ် ထင်မြင်ရပြီး နှစ်ပေါင်းများစွာ ရောဂါလက္ခဏာမပြဘဲလည်း ရှိနေနိုင်သည်ဟု ဆိုသည်။ အိတ်ချ်အိုင်ဗွီပိုး ကူးစက်ခြင်းမှ ရှောင်ကြဉ်နိုင်ရန်မှာ အထက်ဖော်ပြပါအန္တရာယ်ရှိသော အပြုအမူများကို ဂရုပြုရှောင်ကြဉ်ကြရန်လိုသည်။

အိတ်ချ်အိုင်ဗွီပိုးကို ပျောက်ကင်းအောင် ကုသသောဆေး မရှိသေးသည်ဖြစ်ရာ ရောဂါပိုးမဝင်အောင် မိမိကိုယ်ကို ကာကွယ်ခြင်း၊ စောစီးစွာ သွေးဖောက်စစ်ဆေးပြီး ရောဂါဖော်ထုတ်ခြင်းနှင့် ကုသမှုကိုရရှိရန် ထိရောက်စွာတိုးမြှင့်လုပ်ဆောင်ခြင်းဖြင့် အိတ်ချ်အိုင်ဗွီပိုးကို ထိန်းချုပ်ရန် ပညာရှင်များက သတိပေးထားသည်။ အိတ်ချ်အိုင်ဗွီပိုးကို ဟန့်တားနိုင်သည့် ART ဆေးကို အသုံးပြုနိုင်ပြီဖြစ်ပြီး ဆေးကုဆရာဝန်များ၏ ညွှန်ကြားချက်နှင့်အညီ စနစ်တကျဂရုတစိုက်သောက်သုံးခြင်းဖြင့် သက်တမ်းစေ့နေနိုင်သည့်အခြေအနေသို့ ရောက်ရှိလာပြီဖြစ်ရာ အန္တရာယ်များသည့် အပြုအမူများဖြစ်သော လိင်မှုကိစ္စပွေရှုပ်ခြင်း၊ မူးယစ်ဆေးထိုးသွင်းခြင်း စသည်တို့ကို ရှောင်ကြဉ်ခြင်း၊ ကျန်းမာရေးအသိပညာပေးမှုများကို အလေးထားလိုက်နာခြင်းဖြင့် အိတ်ချ်အိုင်ဗွီကူးစက်မှုကင်းဝေးသည့်လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ထွက်လာနိုင်ပါစေကြောင်း။ ။



# ကချင်ပြည်နယ်အစိုးရအဖွဲ့က တစ်နှစ်တာအတွင်း ဦးစွာရရှိသည့် ကောက်ဦးစပါးဖြင့် ၂၀၂၃ ခုနှစ် ရိုးရာကောက်သစ်စားပွဲတော် ကျွေးမွေးတော်ချီးမွမ်းပွဲကျင်းပ

မြစ်ကြီးနား နိုဝင်ဘာ ၃၀

ကချင်ပြည်နယ်အတွင်း ဆန်စပါးရိတ်သိမ်းပြီးချိန်တွင် တစ်နှစ်တာအတွင်း တောင်သူတို့၏ လယ်ယာမှ ဦးစွာရရှိသော ကောက်ဦးစပါးပေါ်ချိန် အင်လုံအင်နန်ရှားပွဲဟုခေါ်ဆိုသည့် ရိုးရာကောက်သစ်စားပွဲ ကျွေးမွေးတော်ချီးမွမ်းပွဲတော်ကို နှစ်စဉ်ကျင်းပလေ့ရှိရာ ကချင်ပြည်နယ်အစိုးရအဖွဲ့က ဦးဆောင်၍ ဌာနဆိုင်ရာများ၊ တိုင်းရင်းသားစာပေနှင့် ရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ ဒေသခံတောင်သူများ စုပေါင်းကာ ကျင်းပသည့် ၂၀၂၃ ခုနှစ် ရိုးရာကောက်သစ် စားပွဲကျွေးမွေးတော် ချီးမွမ်းပွဲအခမ်းအနားကို မြစ်ကြီးနားမြို့ ပြည်နယ်အစိုးရအဖွဲ့ ရုံးရှေ့မြက်ခင်းပြင်၌ နိုဝင်ဘာ ၃၀ ရက် နံနက် ၉ နာရီက စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ရှေးဦးစွာ ရိုးရာကောက်သစ်စားပွဲတော်ကို ဝန်ပေါင်းဘင်ခရာအဖွဲ့မှ တီးမှုတ်ဖျော်ဖြေခြင်းနှင့်အတူ ကချင်မျိုးနွယ်စုဝင်တိုင်းရင်းသူလေးများက လယ်ယာခြံထွက်သီးနှံများ ပါဝင်သည့် ကောက်ဦးပလိုင်းများ သယ်ဆောင်လာခဲ့ကြပြီး သိက္ခာတော်ရဆရာတော်များက ကောက်ဦးပလိုင်းများအတွက် ဆုတောင်းဆက်ကပ်အပ်နှံပေးခဲ့ကြသည်။

ထို့နောက် ရိုးရာကောက်သစ်စားပွဲတော်တွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ကချင်ပြည်နယ်အတွင်း ရိုးရာပွဲတော်များစွာရှိသည့်အနက် ယခုလိုစပါးရိတ်သိမ်းပြီးချိန်တွင် ဦးဦးဖျားဖျားရရှိသည့် ကောက်ဦးကောက်သစ်ကို ယခုကဲ့သို့ ဒေသတွင်းတိုင်းရင်းသားပြည်သူများ၊ တောင်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် အတူတကွစုပေါင်း၍ ကျင်းပခွင့်၊ ကျွေးမွေးတော်ချီးမွမ်းခွင့်၊ အတူတကွ သုံးဆောင်ခွင့် ရရှိသည့်အတွက် အထူးပင် ဝမ်းမြောက်ဝမ်းသာဂုဏ်ယူမိပါကြောင်း၊ ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီးတို့က ကောက်ဦးပလိုင်းနှင့် အလှူငွေများကို တက်ရောက်လာကြသော ဘုန်းတော်ကြီးများ၊ သိက္ခာတော်ရဆရာတော်များနှင့် ဘာသာရေးအသင်းတော် ခေါင်းဆောင်များထံ လည်းကောင်း၊ ကောက်ဦးပလိုင်း လက်ဆောင်များကို ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးတူးဂျာ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးလှိုင်၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များထံသို့လည်းကောင်း တစ်ဦးချင်း ပေးအပ်ခဲ့ကြသည်။

ထို့နောက် တိုင်းရင်းသူလေးများက ကချင်တိုင်းရင်းသားတို့၏ ရိုးရာကောက်သစ်စားပွဲတော် တေးသီချင်းအကအလှများဖြင့် ကပြဖျော်ဖြေတင်ဆက်ကြပြီး တစ်နှစ်တာအတွင်း ဦးစွာရရှိသည့် ဆန်/ကောက်သစ်ကို နေ့လယ်စာအဖြစ် အတူတကွ ပျော်ရွှင်စွာသုံးဆောင်ကြသည်။




ထို့နောက် မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စီတာပူရပ်ကွက်ရှိ သီတာအေးနှစ်ခြင်း IDP စခန်းမှ မန်ခိန်နှင့်ရွှေစက် ရပ်ကွက်တို့ရှိ မိမိတို့အစီအစဉ်ဖြင့် ဆောက်လုပ်ထားသည့် နေအိမ်များသို့ ပြန်လည်ရွှေ့ပြောင်းနေထိုင်မည့် အိမ်ထောင်စု ခြောက်စု၊ လူဦးရေ ၂၉ ဦးနှင့် သွားရောက်တွေ့ဆုံသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက သီတာအေးနှစ်ခြင်း IDP စခန်းမှ နေရပ်ပြန်အိမ်ထောင်စု ခြောက်စု၊ လူဦးရေ ၂၉ ဦးတို့အတွက် ကချင်ပြည်နယ်အစိုးရအဖွဲ့မှ တစ်အိမ်ထောင်လျှင် ဆန်တစ်အိတ်၊ ဆီတစ်ပိဿာနှုန်းဖြင့် စုစုပေါင်း တန်ဖိုးငွေကျပ် ၇၀၂၀၀၀၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဆန်ရိက္ခာဖိုးငွေ၊ ပြောင်းရွှေ့စရိတ်နှင့် ကယ်ဆယ်ရေး ပစ္စည်း Kit Box များ စုစုပေါင်းပစ္စည်းနှင့်ငွေသားတန်ဖိုးငွေကျပ် ၁၁၈၇၂၉၆၊ ပြည်နယ်ကြက်ခြေနီ ကြီးကြပ်မှုကော်မတီမှ မိသားစုသုံးကျန်းမာရေးပစ္စည်းများနှင့် အနွေးစောင်များကို ပေးအပ်ခဲ့ကြောင်း သိရသည်။ ပြည်နယ် (ပြန်/ဆက်)

## အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်းဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

နေပြည်တော် နိုဝင်ဘာ ၃၀

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရွှာင်နှင့်ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ(မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရုပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်း သင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ် ရှစ်ခု၊ အပတ်စဉ်တစ်ခုလျှင် ခြောက်ပတ်ကြာသင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ် ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၃-၂၀၂၄ ခု ဘဏ္ဍာရေးနှစ်အတွင်း သင်တန်းအပတ်စဉ် (၆/၂၀၂၃) ကျောင်းအခြေပြုသင်တန်းအား ၂၈-၁၁-၂၀၂၃ ရက်နေ့မှ ၅-၁-၂၀၂၄ ရက်နေ့ထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား (အမျိုးသမီး/အမျိုးသား)များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များရှိ အောက်ပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေးဖော်ပြအပ်ပါသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)**
  အမှတ်-၁၃၅၊ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း - ၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ x၂၆လမ်းကြား၊ အောင်မြေသာဇံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့၊ ဖုန်း- ၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့၊ ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)**
  အမှတ် (၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊ ဖုန်း- ၀၅၄-၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ ဖျာပုံမြို့၊ ဖုန်း- ၀၉-၄၅၅၇၈၈၀၂၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)**
  အမှတ်-၂ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း - ၀၄၂-၂၅၃၇၃၊ ၀၄၂-၂၁၀၇၃
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)**
  မေယုလမ်း (လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက် စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရွှာငံ)**
  အမှတ်-၈၂၊အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရွှာငံမြို့၊ ဖုန်း- ၀၉- ၇၈၁၁၁၆၂၇၂
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီအနောက်ကွင်း၊ ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**လူမှုဝန်ထမ်းဦးစီးဌာန**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ညိုစော ရှင်းလင်းတင်ပြစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ရှင်းလင်းတင်ပြစဉ်။



## ❖ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေကို ခွင့်ပြုနိုင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အဆင့်ဆင့် စိစစ်ရခြင်းဖြစ်ပြီး တောင်းခံထားသည့် ဌာန၊ အဖွဲ့အစည်းများအနေဖြင့် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အတည်ပြုပြဋ္ဌာန်းပြီးမှသာ သုံးစွဲသွားရမည်

❖ *ရှေ့ဖုံးမှ*

ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများအနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေစဉ်အတွင်း ဥပဒေတွင်ပါရှိသည့် ရငွေလျာထားချက်များအပြင် ဘဏ္ဍာရေးနှစ်အတွင်း ထပ်မံရရှိနိုင်သည့် ရငွေများ ရှိသည်ကို တွေ့ရကြောင်း၊ အလားတူ ဥပဒေတွင် ပါရှိသည့် သုံးငွေများအပြင် မဖြစ်မနေ ထပ်မံသုံးစွဲရန် လိုအပ် သည့် အသုံးစရိတ်များလည်း ရှိနိုင်ကြောင်း၊ ထို့ကြောင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေကို ခွင့်ပြုနိုင်ရန် ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ အဆင့်ဆင့် စိစစ်ရခြင်းဖြစ်ပြီး တောင်းခံထားသည့် ဌာန၊ အဖွဲ့အစည်းများအနေဖြင့် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ က အတည်ပြုပြဋ္ဌာန်းပြီးမှသာ သုံးစွဲသွားရမည် ဖြစ်ကြောင်း။

### စနစ်တကျစိစစ်ထားပြီးဖြစ်

ဌာန၊ အဖွဲ့အစည်းများက တင်ပြလာသည့် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုများအပေါ် ဦးစွာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက အဆင့်ဆင့် စိစစ်ခဲ့ပြီး နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဖွဲ့စည်းထားသည့် "ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ အရအသုံး ခန့်မှန်းခြေငွေစာရင်းများ ကြိုတင်စိစစ်ရေးကော်မတီ" ကလည်း နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒများ နှင့်အညီ စနစ်တကျ စိစစ်ထားပြီးဖြစ်ကြောင်း။

### အပိုထောက်ပံ့ကြေးခံစားနိုင်ရန် ခွင့်ပြုပေးခဲ့

နိုင်ငံတော်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးတို့ အတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ဦးစားပေး ဆောင်ရွက်ရမည့် အသုံးစရိတ်များကို စနစ်တကျ စိစစ်သုံးစွဲလျက်ရှိကြောင်း၊ ၂၀၂၃ ခုနှစ်၊ မေလ ၁၄ ရက်တွင် တိုက်ခတ်ခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်း "မိုခါ"ကြောင့် ပျက်စီးဆုံးရှုံးမှုများအတွက် ပြန်လည်ထူထောင်ရေး အသုံးစရိတ်များအပါအဝင် သဘာဝဘေးကြောင့် ပျက်စီးဆုံးရှုံးရမှုများအတွက် အသုံးစရိတ်များကိုလည်း အချိန်နှင့်တစ်ပြေးညီ သင့်လျော်မည့် အသုံးစရိတ်များကို ခွင့်ပြုပေးလျက်ရှိကြောင်း၊ နိုင်ငံတော်၏တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းများ၏ စားဝတ်နေရေးကို အထောက်အကူပြုစေနိုင်ရန် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလမှစ၍ အပိုထောက်ပံ့ကြေး ခံစားနိုင်ရန် ခွင့်ပြုပေးခဲ့ကြောင်း။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ တင်ပြချက်အရ ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုများတွင် နိုင်ငံတော်သို့ ပေးဆောင်ရမည့်အခွန်၊ နိုင်ငံတော်သို့ ထည့်ဝင်ငွေ၊ ဝန်ထမ်းများအတွက် အပိုထောက်ပံ့ကြေး၊ လုံခြုံရေးဆိုင်ရာ အသုံးစရိတ်များ၊ ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးနိုင်မည့် တည်ဆောက်ရေးလုပ်ငန်းများ စသည်တို့အတွက် အဓိကတောင်းခံထားသည်ကို တွေ့ရှိရကြောင်း၊ အဆင့်ဆင့် စိစစ်သည့်အချိန်တွင်လည်း အသုံးစရိတ်အမျိုးအစားအလိုက် အနည်းဆုံးလိုအပ်ချက်ဖြစ်စေရန် စိစစ်ထားပြီးဖြစ်ကြောင်း။

၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု၏ ရသုံးခန့်မှန်းခြေ ငွေစာရင်း၊ မူလခန့်မှန်းခြေငွေစာရင်း အခြေအနေကိုကြည့်ပါက တစ်နိုင်ငံလုံး၏ ဂျီဒီပီ တန်ဖိုးသည် ငွေကျပ်ဘီလီယံပေါင်း ၁၃၈၁၉၅ ဒသမ ၇၀၃ ဖြစ်သည်ကို တွေ့ရှိရကြောင်း၊ သာမန်ငွေလုံးငွေရင်းကြွေးမြီများနှင့် ပတ်သက်သည့် ပိုငွေ၊ လိုငွေနှိုင်းယှဉ်ချက်အနေဖြင့် ဂျီဒီပီနှင့် လိုငွေ နှိုင်းယှဉ်ချက်သည် ပမာဏအားဖြင့် ၅ ဒသမ ၆၅ ရာခိုင်နှုန်း ရှိသည်ကို တွေ့ရှိရကြောင်း၊ ယင်းကို သက်ဆိုင်ရာ စိစစ်ရေးအဖွဲ့အဆင့်ဆင့်က စစ်ဆေးပြီးသည့်အခါ နောက်ဆုံးအနေဖြင့် ကျန်ရှိသည်မှာ ဂျီဒီပီပြောင်းလဲမှုမရှိသော်လည်း လိုငွေနှင့် ဂျီဒီပီအချိုးသည် ၅ ဒသမ ၆၅ မှ ၅ ဒသမ ၃၁ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း။

### ဆက်လက်တင်ပြသွားမည်

ထို့ကြောင့် ဌာန၊ အဖွဲ့အစည်းများအနေဖြင့် ခွဲဝေချထားပေးသည့် ဘဏ္ဍာရန်ပုံငွေများကို နယ်မြေဒေသ အခြေအနေအရ ဆောင်ရွက်ရန် မဖြစ်နိုင်ပါက ယခုအစည်းအဝေးတွင် ထပ်မံတင်ပြပေးရန်နှင့် ရငွေ ထပ်မံတိုးလာနိုင်သည့် ကိစ္စများ၊ စိစစ်ပြီး ခွင့်ပြုငွေများထဲမှ ထပ်မံလျှော့ချလိုသည့် အသုံးစရိတ်များ ရှိပါက ပွင့်လင်းစွာ တင်ပြကြရန်လိုကြောင်း၊ ယနေ့ အစည်းအဝေးတွင် အတည်ပြုပြီးသည့်အခါ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ဝန်ကြီးချုပ်များနှင့် ထပ်မံဆွေးနွေးညှိနှိုင်းပြီး နိုင်ငံတော်ဝန်ကြီးချုပ်ဦးဆောင်သည့် ဘဏ္ဍာရေးကော်မရှင်သို့ ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဝန်ကြီးဌာနအလိုက် ကော်မတီများက အဆင့်ဆင့် စိစစ်ပြီးသည့် အချက်အလက်များအပေါ် ထပ်မံတင်ပြလိုသည်များရှိပါက ယနေ့အစည်းအဝေးတွင် တင်ပြပေးရန်နှင့် လျှော့ချနိုင်သည့် ငွေပမာဏအသုံးစရိတ်များရှိပါကလည်း ဆက်လက်တင်ပြပေးကြစေလိုကြောင်း ပြောကြားသည်။

### ရှင်းလင်းပြောကြား

ထို့နောက် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများ ကြိုတင်စိစစ်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ညိုစောက ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ ပြည်နယ်များ၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်းများ ကြိုတင်စိစစ်ဆောင်ရွက်ခဲ့မှု၊ ထိုသို့ စိစစ်ရာတွင် သက်ဆိုင်ရာ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများအနေဖြင့် လတ်တလော နယ်မြေဒေသ အခြေအနေအရ အကောင်အထည်ဖော် ဆောင်ရွက်ရန် အခက်အခဲရှိခြင်း၊ ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံသည့် အချိန်အထိ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု ရာခိုင်နှုန်းနည်းပါးခြင်း၊ ရန်ပုံငွေ လွှဲပြောင်းသုံးစွဲနိုင်မည့် အခြေအနေတို့နှင့် အထွေထွေ ပိုလျှံရန်ပုံငွေမှ လွှဲပြောင်းသုံးစွဲနိုင်မည့် အရေးကြီးလုပ်ငန်းများ အခြေအနေတို့အပေါ် မူတည်ပြီး အဓိကထား ညှိနှိုင်းဆောင်ရွက်ခဲ့မှု အခြေအနေကို ရှင်းလင်းပြောကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် ကော်မရှင်အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ၂၀၂၃-၂၀၂၄ ဘဏ္ဍာ ရေးနှစ် ပြည်ထောင်စု၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်း များအား စိစစ်ပြီးစီးမှုအခြေအနေကို လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ၂၀၂၃-၂၀၂၄ ခုနှစ် ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်းများကို လည်းကောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာ ခင်နိုင်ဦးက ရငွေ၊ သုံးငွေစာရင်းများနှင့် စပ်လျဉ်းသည့် စာရင်းစစ်ဆေးခြင်းဆိုင်ရာများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

### ဖြည့်စွက်ဆွေးနွေး

ယင်းနောက် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြပြီး ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်အတွင်းရေးမှူးက ဖြည့်စွက်ဆွေးနွေးသည်။

ထို့နောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

## လာမည့်နှစ်ဆန်းပိုင်းတွင် မြန်မာနိုင်ငံသို့ ပြည်ပခရီးသွားဝင်ရောက်မှု ယခုထက်ပိုမိုတိုးတက်မည်ဟု မျှော်မှန်းထား

**ရန်ကုန် နိုဝင်ဘာ ၃၀**

လာမည့် နှစ်ဆန်းပိုင်းတွင် မြန်မာနိုင်ငံသို့ ပြည်ပခရီးသွား ဝင်ရောက်မှုမှာ ယခုထက် ပိုမိုတိုးတက်မည်ဟု မျှော်မှန်းထားကြောင်း မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးနောင်နောင်ဟန် က ပြောသည်။

မြန်မာနိုင်ငံသို့ ခရီးသွားလာရောက်မှု များပြားသည့် ကာလများမှာ နှစ်စဉ် အောက်တိုဘာလက စတင်ကာ ဧပြီလအထိဖြစ်ပြီး ခရီးသွားဝင်ရောက်မှုမှာ လာမည့်နှစ်ဆန်းပိုင်းက စတင်၍ များပြားလာမည့် အရိပ်အယောင်များကို မြင်တွေ့နေရခြင်းဖြစ်ကြောင်းလည်း သိရသည်။ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံသို့ ပြည်ပခရီးသွားများ လာရောက်မှုပိုမြင့်တက်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်နေပြီး ခရီးစဉ်ဒေသများကိုလည်း ဖော်ဆောင်နေသည်။

"ပြည်ပခရီးသွားတွေနဲ့ ပတ်သက်ပြီး မူလခန့်မှန်းထားတာထက် အများကြီး ကျဆင်းသွားတာမျိုးတော့ မဟုတ်ပေမယ့် အားရစရာကောင်းလောက်တဲ့ ကိန်းဂဏန်းမျိုးတော့ မဟုတ်ခဲ့ဘူး။ ဒါပေမယ့် ထိုးကျသွားတာမျိုး မဟုတ်တဲ့အတွက် ၂၀၂၄ ခုနှစ် ဇန်နဝါရီလ၊ ဖေဖော်ဝါရီလ၊ မတ်လတွေမှာ ထပ်ပြီးမျှော်လင့်နိုင်သေးတယ်။ အလားအလာအားဖြင့် မဆိုးဘူး။ ကောင်းတယ်လို့ပြောလို့ရတယ်" ဟု ဦးနောင်နောင်ဟန်က ဆိုသည်။ ယခုနှစ်ခရီးသွားကာလအတွင်း မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ခဲ့ကြသူအများစုမှာ ထိုင်းနိုင်ငံဘက်မှ ဖြစ်ကြောင်းလည်း သိရသည်။

"အောက်တိုဘာလက စတင်ပြီး အောက်တိုဘာလနဲ့ နိုဝင်ဘာလတွေမှာ ထိုင်းနိုင်ငံဘက်ကနေ ခရီးသွားတွေ မြင့်တက်လာတယ်။ ဒါပေမယ့် ယခင့်ယခင်ကရှိခဲ့တဲ့ အရေအတွက်နဲ့ နှိုင်းယှဉ်ရင်တော့ နည်းနေပါသေးတယ်" ဟု ၎င်းက ဆိုသည်။

ပြည်တွင်းခရီးသွားအနေဖြင့်လည်း လာမည့်ကာလတွင် များပြားနိုင်မည်ဟု မျှော်လင့်ထားပြီး ခရီးသွားအေဂျင်စီများက ကြိုတင်ပြင်ဆင်မှုများ ရှိနေသည်။

"ကျွန်တော်တို့က ဒီဇင်ဘာလကျရင် ပြည်တွင်းခရီးသွားတွေ များလာမယ်လို့ မျှော်မှန်းထားပါတယ်။ ဒီအတွက်လည်း ကျွန်တော်တို့ ကြိုတင်ပြင်ဆင်တာတွေ လုပ်နေပါတယ်" ဟု ပြည်တွင်းခရီးသွားလုပ်ငန်းအေဂျင်စီတစ်ခုမှ တာဝန်ရှိသူက ပြောသည်။ **သစ်တော်**

# "Aquarius Day" ဖိုရမ်မှတစ်ဆင့် နှစ်နိုင်ငံ နည်းပညာပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရန် ကြိုးပမ်းကြရမည်

**နေပြည်တော် နိုဝင်ဘာ ၃၀**

မြန်မာ - ရုရှား နှစ်နိုင်ငံအကြား ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေး၊ ဒစ်ဂျစ်တယ်စီးပွားရေး၊ e-Government စနစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ဆိုက်ဘာလုံခြုံရေးနှင့် သတင်းအချက်အလက်နည်းပညာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် Aquarius နည်းပညာကုမ္ပဏီ၏ ထုတ်ကုန်များကို ပိုမိုနားလည်စေရန် ရည်ရွယ်ပြီး ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနနှင့် Aquarius နည်းပညာကုမ္ပဏီတို့ပူးပေါင်း၍ "Aquarius Day" ဖိုရမ်ကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး "Aquarius Day" ဖိုရမ်တွင် အမှာစကားပြောကြားစဉ်။

### ကိုယ်စားလှယ်များတက်ရောက်

ဖိုရမ်သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၏ဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီးနှင့် သံရုံးမှတာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနများမှ အဆင့်မြင့်အရာရှိကြီးများ၊ IT ပညာရှင် အရာထမ်းများနှင့် နှစ်နိုင်ငံ ပုဂ္ဂလိကနည်းပညာကုမ္ပဏီများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

### အကျိုးရှိသောဖိုရမ်တစ်ခုဖြစ်

ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက ယနေ့ "Aquarius Day" ဖိုရမ်အခမ်းအနားကို မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးနှင့် e-Government စနစ် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း၊ နှစ်နိုင်ငံကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ရန် အရေးကြီးပါကြောင်း၊ ယနေ့ "Aquarius Day" ဖိုရမ်မှတစ်ဆင့် နှစ်နိုင်ငံ နည်းပညာ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန်၊ မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်အသွင် ကူးပြောင်းရေးနှင့် e-Government စနစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ပြုနိုင်ရန် ကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် ၂၀၃၀ ပြည့်နှစ် ကာလအပိုင်းအခြားအထိ မျှော်မှန်းပြီး Myanmar e-Governance Master Plan 2030 ကို ရေးဆွဲလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် Digital Government ကို ဦးတည်ချဉ်းကပ်ဆောင်ရွက်နေပြီး ယနေ့ကျင်းပသည့်ဖိုရမ်သည် နိုင်ငံတော်၏ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေး ခရီးစဉ်အတွက် အထောက်အပံ့ကောင်းများစွာ ရရှိနိုင်သဖြင့် အကျိုးရှိသော ဖိုရမ်တစ်ခုဖြစ်ကြောင်း ပြောကြားသည်။

### စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က e-Government စနစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းနှင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများ၊ မြန်မာနိုင်ငံ၏ နည်းပညာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ တိုးတက်လာစေရေး ဆောင်ရွက်မှုများကို လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov က နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်မြှင့်တင်ရန်၊ မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးနှင့် e-Government စနစ် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်ရေးအတွက် Aquarius ကုမ္ပဏီအပါအဝင် ရုရှား IT ကုမ္ပဏီများအနေဖြင့် နည်းပညာဖလှယ်မှုများ၊ IT Solution အတွေ့အကြုံများနှင့် ထုတ်ကုန်များအကြောင်းကို ပိုမိုနားလည်စေရန် ရည်ရွယ်ပြီး ယခုဖိုရမ်ကို ကျင်းပခြင်းဖြစ်ကြောင်းနှင့်၊ Aquarius နည်းပညာကုမ္ပဏီဥက္ကဋ္ဌ Mr. Vladimir Stepanov က လွတ်လပ်၍ ရေရှည်တည်တံ့သော ရုရှား-မြန်မာ နိုင်ငံတကာ နည်းပညာ ပူးပေါင်းဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း ဆွေးနွေးကြကာ ဖွင့်ပွဲအခမ်းအနား အပြီးတွင် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

### ဆွေးနွေး

ထို့နောက် ဆွေးနွေးပွဲများကို အစီအစဉ်အတိုင်း ကျင်းပရာ Aquarius Company၊ Astra Group of Company နှင့် RSC Progress Company တို့၏ တာဝန်ရှိသူများက နည်းပညာဆိုင်ရာ မိတ်ဖက်များ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သတင်းအချက်အလက် နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၊ ဘာသာရပ်ဆိုင်ရာ ညွှန်ကြားရေးမှူးက မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းခြင်း ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ရုရှား IT ကုမ္ပဏီများ၏ တာဝန်ရှိသူများက နည်းပညာကဏ္ဍလုံခြုံမှုရှိစေရေး ဖြေရှင်းခြင်းဆိုင်ရာ ကိစ္စရပ်များ၊ Aquarius ကုမ္ပဏီ၏ ဆာဗာများနှင့် အချက်အလက်ထိန်းသိမ်းထားသိုမှုစနစ်များ၊ ဆက်သွယ်ရေး နည်းပညာဖြေရှင်းမှုများ၊ ကြိုးမဲ့ဆက်သွယ်ရေးဆိုင်ရာကိစ္စရပ်များ၊ သတင်းအချက်အလက် လုံခြုံမှုဆိုင်ရာ ဖြေရှင်းမှုများ၊ နည်းပညာအသုံးပြုသူများအတွက် ဖြေရှင်းဆောင်ရွက်ပေးမှုများ၊ Astra ကုမ္ပဏီ၏ Ecosystem Solution ဆိုင်ရာများနှင့် RSC "Progress" ၏ ထုတ်ကုန်များ စသည့် ခေါင်းစဉ်များအား ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီးများနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Aquarius နည်းပညာကုမ္ပဏီဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့ကို လက်ခံတွေ့ဆုံ၍ သတင်းအချက်အလက် လုံခြုံရေးနှင့် အိုင်စီတီနည်းပညာဆိုင်ရာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ကရင်ပြည်နယ်ဝန်ကြီးချုပ် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲတက်ရောက်ကြည့်ရှု

**ဘားအံ နိုဝင်ဘာ ၃၀**

ဒီဇင်ဘာ ၃ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အကြိုလှုပ်ရှားမှုအနေဖြင့် မသန်စွမ်းအားကစားပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ဘားအံမြို့ လှာကမြင်ကွက်သစ်ရှိ ဇွဲကပင်အားကစားကွင်း၌ ကျင်းပသည်။

မသန်စွမ်း အားကစားပြိုင်ပွဲတွင် ကျား၊မ အာလူးကောက်၊ ဘောလုံးပုတ်၊ ၂၅ မီတာ အပြေး၊ မီတာ ၅၀ အပြေး၊ မီတာ ၁၀၀ အပြေး၊ ဘီးတပ်ကုလားထိုင်စီးအပြေး၊ သံလုံးပစ်၊ ပိုက်ကျော်ခြင်း၊ ကြက်တောင်ရိုက်၊ စားပွဲတင်တင်းနစ်အစရှိသည့် အားကစားနည်း ၁၆ နည်းတွင် မသန်စွမ်းအားကစားသမား စုစုပေါင်း ၄၁ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကာ ပြိုင်ပွဲယှဉ်ပြိုင်နေမှုကို ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများ၊ အားကစား ဝါသနာရှင်များက ကြည့်ရှုအားပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကာ ပြိုင်ပွဲတွင် ဆုရရှိသည့် မသန်စွမ်းအားကစားသမားများအား ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အခမ်းအနားတွင် ဆုများ ပေးအပ် ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။



အလားတူ ပြည်နယ်ဝန်ကြီးချုပ်သည် အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်အစိုးရ အဖွဲ့ဝင်များနှင့်အတူ နိုဝင်ဘာ ၂၉ ရက်က ဘားအံမြို့နယ်အတွင်းရှိ ပြည်သူ့စစ်အဖွဲ့များနှင့် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂) ၌ တွေ့ဆုံ၍ ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ပြည်သူ့စစ်အဖွဲ့များသည် ပြည်သူများ၏ အသက်၊ အိုးအိမ်၊ စည်းစိမ်ကို ကာကွယ်ပေးနိုင်ရန် ရည်ရွယ်ဖွဲ့စည်းပေးထားခြင်း ဖြစ်ပြီး မြို့နယ်အတွင်း လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရာတွင် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ နယ်ခြားစောင့်တပ်ဖွဲ့များနှင့်အတူ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး လုပ်ငန်းများအတွက် အမြဲအသင့် ရှိနေရန်လိုပြီး ကျန်းမာရေး ကောင်းမွန်ရန် သွားလာနေထိုင် စားသောက်သည်မှအစ ဂရုစိုက်နေထိုင်ကြစေလိုကြောင်း ပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့တောင် တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်တို့က ပြည်သူ့စစ်အဖွဲ့ ၂၇ ဖွဲ့အတွက် ဆန် ၈၁ အိတ်၊ ကြက်ဥ ၈၁ ကတ်၊ ခေါက်ဆွဲခြောက် ၅၄ ဖာ တို့ကို ထောက်ပံ့ပေးအပ်သည်။

**စောမျိုးမင်းသိန်း (ပြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီး H.E. Mr. Harishchandra Ghimire အား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၃၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးသည် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီး H.E. Mr. Harishchandra Ghimire အား ယနေ့ မွန်းလွဲပိုင်းက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၅) ၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် ခရီးသွားလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် နှစ်နိုင်ငံအကြား တိုက်ရိုက်လေကြောင်းခရီးစဉ် ပျံသန်းရေးကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာ နှစ်ဖက်အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း၊ ဌာနအကြီးအမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ မန္တလာတက္ကသိုလ် (၁၁)နှစ်မြောက် ကျောင်းမွေးနေ့အထိမ်းအမှတ် သုတေသနစာတမ်းဖတ်ပွဲတက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၃၀**

မန္တလာတက္ကသိုလ်(၁၁)နှစ်မြောက် ကျောင်းမွေးနေ့ အထိမ်းအမှတ် သုတေသနစာတမ်းဖတ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါတက္ကသိုလ်ရှိ အမရခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ညွန့်ဖေ၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးအောင်မင်း၊ ပညာရေးဝန်ကြီးဌာနရှိဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးနှင့် တာဝန်ရှိသူများ၊ ပါမောက္ခ (ဌာနမှူး) များ၊ သုတေသနစာတမ်းဖတ်ကြားမည့် ဆရာ ဆရာမများ၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။




ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက မန္တလာတက္ကသိုလ်ကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် မန္တလာကောလိပ်အဖြစ် ဖွင့်လှစ်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၁ ရက်တွင်မန္တလာတက္ကသိုလ်အဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ခဲ့ပါကြောင်း၊ ယနေ့သည် မန္တလာတက္ကသိုလ်စတင်တည်ထောင်ခဲ့ရာမှ (၁၁)နှစ်ပြည့်မြောက်ခဲ့သည့်နေ့ဖြစ်ပါကြောင်း၊ သုတေသနစာတမ်းများသည် တက္ကသိုလ်များ၏ အသက်သွေးကြောဟုလည်း ဆိုနိုင်ပါကြောင်း။ ပြည်တွင်းအဆင့် စာတမ်းဖတ်ပွဲများနှင့် နိုင်ငံတကာအဆင့် စာတမ်းဖတ်ပွဲများသို့ စာတမ်းများ ပေးပို့ဖတ်ကြားနိုင်ရေး ကြိုးပမ်းကြရန် ဘာသာရပ်အသီးသီးမှ ဆရာ ဆရာမများအားလုံးကို တိုက်တွန်းပါကြောင်း၊ သုတေသနလုပ်ငန်းများဆောင်ရွက်ရာတွင် မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို အကျိုးပြုစေမည့် ဒေသလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် သုတေသနလုပ်ငန်းများ၊ အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို အကျိုးပြုစေမည့်သုတေသနလုပ်ငန်းများကို အလေးထား ဆောင်ရွက်ကြစေလိုပါကြောင်း။

သင်ကြားရေးပိုင်းတွင်လည်း ၂၀၂၃–၂၀၂၄ ပညာသင်နှစ်အတွက် တက္ကသိုလ်များတွင် နိုဝင်ဘာ ၂၃ ရက်ကစတင်၍ သင်တန်းများ စတင်ဖွင့်လှစ်သင်ကြားနေပြီဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ဘာသာရပ်ဆိုင်ရာ ဆရာ ဆရာမများက ကျောင်းတက္ကသိုလ်ပညာသင်နှစ် စတင်ဖွင့်လှစ်ချိန်ကစ၍ မိမိတို့လေ့လာတတ်မြောက်ထားသည့် ပညာရပ်များကို စိတ်စေတနာအပြည့်အဝနှင့် ပြန်လည်မျှဝေပေးကြပြီး အမှန်တကယ် ကျွမ်းကျင်တတ်မြောက်သူများဖြစ်အောင် လေ့ကျင့်သင်ကြားပေးကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် သုတေသနစာတမ်းဖတ်ကြားမည့် ဆရာ ဆရာမများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်၍ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး သုတေသနစာတမ်းဖတ်ပွဲကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မန္တလာတက္ကသိုလ်စာသင်ဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ ကျောင်းသား ကျောင်းသူများ သင်ကြားသင်ယူရာတွင် အဆင်ပြေချောမွေ့အောင် ကူညီဆောင်ရွက်ပေးကြရန် မှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အလားတူ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတက္ကသိုလ် သုတေသနစင်တာသို့သွားရောက်၍ သုတေသနစင်တာရှိ စက်ပစ္စည်းများကို အကျိုးရှိထိရောက်အောင် အသုံးပြုဆောင်ရွက်ရေး၊ သုံးစွဲမှုမှတ်တမ်းများကို စနစ်တကျ ထားရှိဆောင်ရွက်ရေးတို့ကို မှာကြားသည်။ ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် စဉ့်ကိုင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုအားပေး၍လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကျောက်ဆည်တက္ကသိုလ်သို့ရောက်ရှိပြီး စာသင်ဆောင်များနှင့် လက်တွေ့ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များနှင့်တွေ့ဆုံ၍ သင်ကြားရေး၊ စီမံရေးဆိုင်ရာများ အရည်အသွေးတိုးတက်ကောင်းမွန်ရေး ဆွေးနွေးမှာကြားသည်။

ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ပြင်ဦးလွင်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း(အထက–ခွဲ)သို့သွားရောက်၍ စာသင်ခန်း၊ စာကြည့်တိုက်၊ ဂီတ၊ အနုပညာ၊ အိမ်တွင်းမှု၊ လက်တွေ့ခန်းများတွင် ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုအားပေး၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အစိုးရစက်မှုလက်မှုသိပ္ပံ(ပဲခူး)အား ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်ဖွင့်လှစ်

**ပဲခူး နိုဝင်ဘာ ၃၀**

အစိုးရစက်မှုလက်မှုသိပ္ပံ (ပဲခူး) ဖွင့်လှစ်ပွဲအခမ်းအနားကို ပဲခူးမြို့၌ နိုဝင်ဘာ ၃၀ ရက် နံနက်ပိုင်းက ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ဖွင့်လှစ်ပေးသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးတင်သိန်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာ စိုင်းကျော်နိုင်ဦးနှင့် အစိုးရ စက်မှုလက်မှုသိပ္ပံ(ပဲခူး) ကျောင်းအုပ်ကြီးတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အစိုးရစက်မှုလက်မှုသိပ္ပံ(ပဲခူး) ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးသည်။



ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စက်မှုအင်ဂျင်နီယာ အလုပ်ရုံနှင့် မြို့ပြအင်ဂျင်နီယာ အလုပ်ရုံများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ ထို့နောက် ကမ္မည်းမော်ကွန်းကြေးပြားအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြပြီး လျှပ်စစ်ဆိုင်ရာ လက်တွေ့ခန်းများ၊ ရူပဗေဒဆိုင်ရာ လက်တွေ့ခန်းများ၊ ဓာတုဗေဒဆိုင်ရာ လက်တွေ့ခန်းများနှင့် ကွန်ပျူတာခန်းများအား လှည့်လည်ကြည့်ရှုကြသည်။ (ဝဲပုံ)

ဆက်လက်၍ အစိုးရစက်မှုလက်မှုသိပ္ပံ (ပဲခူး) ဖွင့်ပွဲ ဒုတိယအပိုင်း အခမ်းအနားကို အဆိုပါကျောင်းစုဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပဲခူးမြို့၌ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အထောက်အကူပြုစေနိုင်ပြီး အရည်အချင်းပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးအတွက် အစိုးရစက်မှုလက်မှုသိပ္ပံ (ပဲခူး) ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးကဏ္ဍတွင် အခြေခံပညာကဏ္ဍ၊ အဆင့်မြင့်ပညာ ကဏ္ဍတို့မှာသာမက နည်းပညာနှင့်သက်မွေးပညာကဏ္ဍမှာလည်း တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်ပေးလျက် ရှိကြောင်း ပြောကြားသည်။

ယင်းနောက် ကျောင်းသား ကျောင်းသူလေးများက "တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ရိုးရာယဉ်ကျေးမှုနှင့် GTI ကျောင်းတော်" သီချင်းများဖြင့် ဖျော်ဖြေကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနား တက်ရောက်ကြည့်ရှုအားပေး

**နေပြည်တော် နိုဝင်ဘာ ၃၀**

၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက နေပြည်တော်ရှိဝဏ္ဏသိဒ္ဓိအားကစားရုံ(C) ၌ ကျင်းပသည်။



အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ မန်းငြိမ်းမောင်၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘရွှေ၊ ခွန်စံလွင်၊ ဦးရွှေကြိမ်၊ ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/နည်းပြများ၊ အားကစားသမားများ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် ဝါသနာရှင်ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ ၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် အမျိုးသမီး (၃) ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ မွန်ပြည်နယ်အသင်းနှင့် ရခိုင်ပြည်နယ် အသင်းတို့၏ ယှဉ်ပြိုင်နေမှုကို လည်းကောင်း၊ အမျိုးသား (၃) ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ နေပြည်တော်ကောင်စီအသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့၏ ယှဉ်ပြိုင်နေမှုများကိုလည်းကောင်း ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် ဦးကိုကိုလှိုင် တို့က အမျိုးသမီး (၂)ယောက်တွဲအဖွဲ့လိုက် ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးရန်ကျော် က အမျိုးသမီး (၃) ယောက်တွဲအဖွဲ့လိုက် ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယ ဆုရရှိသူများကို လည်းကောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်းက အမျိုးသမီး (၄) ယောက်တွဲ အဖွဲ့လိုက် ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများကို လည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ခွန်စံလွင်က အမျိုးသား (၂)ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါက်တာ ဘရွှေက အမျိုးသား (၃) ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများကို လည်းကောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်က အမျိုးသား (၄) ယောက်တွဲ အဖွဲ့လိုက် ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများကို လည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် ပိုးရယ်အောင်သိန်းတို့က အမျိုးသမီးတံခွန်စိုက်ဆုဖလားရရှိသည့် မွန်ပြည်နယ်အသင်းနှင့် အမျိုးသားတံခွန်စိုက်ဆုဖလားရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ကို တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါ်ဒွဲဘူက စုပေါင်းတံခွန်စိုက်ဆုဖလားရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို တံခွန်စိုက်ဆုဖလား ပေးအပ်သည်။ (ဝဲပုံ)

ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲကို ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ လာရောက်ယှဉ်ပြိုင်ကြသည့် ပိုက်ကျော်ခြင်း အားကစားသမားများ အချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိပြီး မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်လာစေရေး၊ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရေး၊ မြန်မာ့ပိုက်ကျော်ခြင်း အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရေးနှင့် နိုင်ငံကိုယ်စားပြုမျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် ရည်ရွယ်၍ ပြိုင်ပွဲဝင်အမျိုးသားအသင်း ၁၄ သင်း၊ အမျိုးသမီးအသင်း၁၂သင်း၊အားကစားသမားစုစုပေါင်း ၂၆၂ ဦးဖြင့် နိုဝင်ဘာ ၂၂ ရက်မှ ၃၀ ရက်အထိ ကျင်းပခဲ့ကြောင်းသိရသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ (၂/ ၂၀၂၃) အစည်းအဝေးနှင့် အမျိုးသားအဆင့် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၃၀**

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီး ကော်မတီ (၂/၂၀၂၃) အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီအနေဖြင့် အမျိုးသမီးအခွင့်အရေး မြှင့်တင်ဖော်ဆောင်သည့် လုပ်ငန်းများဆောင်ရွက်ရာတွင် မူဝါဒ (၄) ရပ်၊ လုပ်ငန်းတာဝန် (၇)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသအလိုက် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် အမျိုးသမီးများကို ထိထိရောက်ရောက် ကာကွယ်စောင့်ရှောက်ပေးနိုင်ရန် အမျိုးသမီး ကော်မတီများကို မြို့နယ်အဆင့်အထိ ဖွဲ့စည်းထားရှိကြောင်း၊ မြန်မာနိုင်ငံအတွင်း အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော် ဆောင်ရွက်မှုများအပေါ် ပြန်လည်သုံးသပ်မှုများ ဆောင်ရွက်နိုင်ရန်နှင့် လိုအပ်သည့် ကြီးကြပ်လမ်းညွှန်မှုများ ပြုလုပ်နိုင်ရန် ယခုကဲ့သို့ အစည်းအဝေးများ ကျင်းပဆောင်ရွက်ခြင်း ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးကြည်က အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို လည်းကောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီး ကော်မတီဝင်များနှင့် အတွင်းရေးမှူးတို့က ကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မှုများကို လည်းကောင်း ရှင်းလင်းတင်ပြ ဆွေးနွေးကြသည်။

အဆိုပါ အစည်းအဝေးသို့ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီး ကော်မတီဝင်များ၊ နေပြည်တော် အမျိုးသမီးကော်မတီ၊ တိုင်းဒေသကြီး/ ပြည်နယ် အမျိုးသမီး ကော်မတီ အတွင်းရေးမှူးများနှင့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဆက်လက်၍ အမျိုးသားအဆင့် ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးကော်မတီ အစည်းအဝေးကို အဆိုပါဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားအဆင့် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးကော်မတီအဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်များမှ လူမှုဝန်ထမ်း ဦးစီးမှူးများနှင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားအဆင့် ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကို ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ ECCD လွှမ်းခြုံမှုနှင့်ပတ်သက်၍စာရင်းဇယားများအရ အသက် (၆) လမှ အသက် (၃)နှစ်အရွယ် ကလေးငယ်များ၏ ရှေးဦးအရွယ်ကလေးသူငယ် ပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဝန်ဆောင်မှုများ ရရှိမှုမှာ ၀ ဒသမ ၃၂ ရာခိုင်နှုန်း သာရှိပြီး အသက် (၃) နှစ်မှ (၅) နှစ်အရွယ် ကလေးငယ်များ၏မူကြိုပညာရေး ဝန်ဆောင်မှု ရရှိမှုမှာ ၂၇ ဒသမ ၂၀ ရာခိုင်နှုန်းသာ ရရှိသည်ကို စိစစ်တွေ့ရှိရကြောင်း၊ ထို့ကြောင့် ရှေးဦးအရွယ် ကလေးသူငယ် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ယခုထက်ပိုမို၍ ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

မွေးစမှ အသက် (၈) နှစ်အရွယ်အထိ ကလေးများ၏ ဘက်စုံဖွံ့ဖြိုးမှုသည် အရေးကြီးသည့်အတွက် ကလေးသူငယ် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အစိုးရ၊ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ရင်းနှီးမြှုပ်နှံမှုများကို တိုးချဲ့ အကောင်အထည်ဖော်သွားရန် မဖြစ်မနေ လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားအဆင့် ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေး ကော်မတီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက ကလေးသူငယ် ဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို ဝိုင်းဝန်း ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အစိုးရစက်မှုလက်မှုသိပ္ပံ(ရမည်းသင်း)၊ အစိုးရစက်မှုလက်မှုသိပ္ပံ(ပဲခူး)နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(မိတ္ထီလာ)တို့ကို တစ်ပြိုင်တည်းဖွင့်လှစ်

နေပြည်တော် နိုဝင်ဘာ ၃၀

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရစက်မှုလက်မှုသိပ္ပံ (ရမည်းသင်း) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပသည်။**

ဖွင့်ပွဲအခမ်းအနားသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ မန္တလေးတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင်နှင့် တာဝန်ရှိသူများ၊ နယ်မြေခံတပ်နယ်မှူး ဗိုလ်မှူးကြီး ဇော်မြင့်ဦး၊ ရမည်းသင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများ၊ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး၊ နယ်မြေခံတပ်နယ်မှူး၊ ရမည်းသင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ အစိုးရစက်မှုလက်မှု သိပ္ပံ (ရမည်းသင်း) ကျောင်းအုပ်ကြီးတို့က ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်၍ ပြည်ထောင်စုဝန်ကြီးက အစိုးရစက်မှုလက်မှုသိပ္ပံ (ရမည်းသင်း) ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် အစိုးရစက်မှုလက်မှုသိပ္ပံ (ရမည်းသင်း) ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာများပက်ဖျန်း၍ အစိုးရစက်မှုလက်မှုသိပ္ပံအတွင်းရှိ စာသင်ခန်းများ၊ လက်တွေ့ခန်းများ၊ ကွန်ပျူတာခန်းများနှင့် မြို့ပြအင်ဂျင်နီယာ၊ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာနှင့် စက်မှုအင်ဂျင်နီယာ အလုပ်ရုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက ပြည်သူများ၏လူမှုစီးပွားဘဝများ မြင့်မားတိုးတက်စေရန် သက်မွေးပညာရေးသည် အခြေခံကျသဖြင့် နိုင်ငံတော်အနေဖြင့် သက်မွေးပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် အထူးအလေးပေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ စက်မှု၊ စိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်းများ၊ စက်မှုလက်မှုသိပ္ပံများကို စဉ်ဆက်မပြတ် တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိပြီး အရည်အသွေးပြည့်မီသော လူသားအရင်းအမြစ်များ မွေးထုတ်ပေးရန် လိုအပ်ကြောင်းပြောကြားသည်။ ထို့နောက် မန္တလေးတိုင်းဒေသကြီး၊ သယံဇာတရေးရာဝန်ကြီးက ကျေးဇူးတင်စကားပြောကြား၍ အစိုးရစက်မှုလက်မှု သိပ္ပံကျောင်းမှ ကျောင်းသား ကျောင်းသူများ၏ တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် နည်းပညာတက္ကသိုလ် (ရမည်းသင်း) သို့ သွားရောက်၍ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် အင်ဂျင်နီယာ ဘွဲ့ကြိုသင်တန်းများတွင် အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများ၏ သင်ကြားသင်ယူမှု ဆောင်ရွက်နေသည့် အခြေအနေများကို သွားရောက်ကြည့်ရှုအားပေးကြပြီး လက်တွေ့ခန်းများ၊ ကွန်ပျူတာခန်း၊ စာကြည့်တိုက်နှင့် အလုပ်ရုံတို့ကို ကြည့်ရှုစစ်ဆေးကာ ကျောင်းသားကျောင်းသူများကို ရင်းရင်းနှီးနှီး တွေ့ဆုံ၍ လိုအပ်ချက်များ မေးမြန်းအားပေးသည်။

ယနေ့တွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန အနေဖြင့် အစိုးရစက်မှုလက်မှုသိပ္ပံ(ရမည်းသင်း)၊ အစိုးရစက်မှုလက်မှုသိပ္ပံ (ပဲခူး) နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ (မိတ္ထီလာ)တို့ကို တစ်ပြိုင်တည်း ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**






# မြန်မာနိုင်ငံရှိ သူနာပြုနှင့်သားဖွားများအတွက် အသုံးပြုမည့် အတည်ပြုပြီးသည့် (CPD) စနစ်အား စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးတင်ပြခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၃၀**

မြန်မာနိုင်ငံရှိ သူနာပြုနှင့်သားဖွားများအတွက် အသုံးပြုမည့် အတည်ပြုပြီးသည့် (CPD) စနစ်အား စတင် ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးတင်ပြခြင်း အခမ်းအနား (Launching Ceremony: Continuing Professional Development (CPD) Guideline for Nurses and Midwives in Myanmar) ကို ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်းနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် နီးနွယ်ဆောင်ရွက်နေသော အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများ၊ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တာဝန်ထမ်းဆောင်လျက်ရှိသော တာဝန်ရှိပုဂ္ဂိုလ်များနှင့် သူနာပြု၊ သားဖွားကိုယ်စားလှယ်များ၊ ပုဂ္ဂလိကဆေးရုံများမှ သူနာပြုကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီသည် ၂၀၁၉ ခုနှစ်မှ စတင်၍ C.P.D (Continuing Professional Development) စနစ် ဖြစ်ပေါ်လာစေရန် ဆောင်ရွက်ခဲ့ရာ ၂၀၂၃ ခုနှစ်တွင် Draft Guidelines on CPD system for Nurses and Midwives in Myanmar ကို အပြီးဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီအနေဖြင့် သူနာပြု၊ သားဖွားများ၏ ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးများ တိုးတက်မြင့်မားလာစေရန် ဆောင်ရွက်ရာတွင် စံချိန်စံညွှန်းများသတ်မှတ်၍ ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း။

ကျန်းမာရေးဝန်ကြီးဌာန၏ မူဝါဒများနှင့်အညီ ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေသော ကျန်းမာရေးဝန်ထမ်း အင်အားစုများ၏ အဓိကအင်အားစုတစ်ရပ်ဖြစ်သည့် သူနာပြု၊ သားဖွားဆရာ/ဆရာမများအတွက် အရည်အသွေးများတိုးတက်မြင့်မားလာစေရန်နှင့် စဉ်ဆက်မပြတ် ထိန်းသိမ်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်မှာ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီ၏ လုပ်ငန်းတာဝန်တစ်ခုဖြစ်ပြီး ထိုလုပ်ငန်းတာဝန်ဖြစ်သည့် CPD စနစ်အား စတင်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သော မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီအား ဂုဏ်ပြုပါကြောင်း ပြောကြားသည်။ **(ဝဲပုံ)**

ဆက်လက်၍ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီဥက္ကဋ္ဌ ဒေါ်နွဲ့နွဲ့ခင်နှင့် သူနာပြု သားဖွားအတတ်ပညာနှင့် လုပ်ငန်းအဆင့်အတန်း စံချိန်စံညွှန်းသတ်မှတ်ရေး လုပ်ငန်းကော်မတီမှ တာဝန်ရှိသူများက ယမန်နေ့က ကျင်းပခဲ့သော အလုပ်ရုံဆွေးနွေးပွဲတွင် တစ်နိုင်ငံလုံးရှိ နယ်ပယ်အသီးသီးမှ သူနာပြုသားဖွားကိုယ်စားလှယ်များ အတည်ပြုသတ်မှတ်ပေးပြီးခဲ့သော CPD Guideline များကို တက်ရောက်လာသော နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ တာဝန်ရှိသူများ၊ သူနာပြုသားဖွားကိုယ်စားလှယ်များအား မိတ်ဆက်ပေးပြီး CPD စနစ်နှင့်ပတ်သက်၍ လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီဥက္ကဋ္ဌက မြန်မာနိုင်ငံရှိ သူနာပြု၊ သားဖွားများအတွက် နိုင်ငံတကာအဆင့်အတန်းနှင့် အညီ CPD စနစ်အား စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❖ *ကျောဖုံးမှ*

ယှဉ်ပြိုင်ခွင့်ရထားရာ နှစ်နှစ်ဆက်တိုက် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အာဆီယံဖူဆယ် ကလပ်ပြိုင်ပွဲကို ၂၀၁၄ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး မြန်မာကလပ်အသင်းများအနေဖြင့် ၂၀၁၄၊ ၂၀၂၁ နှင့် ၂၀၂၂ ခုနှစ်မှလွဲ၍ ကျန်နှစ်များတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး MIU အသင်းက ၂၀၁၅၊ ၂၀၁၆၊ ၂၀၁၈၊ ၂၀၁၉ ခုနှစ်တို့တွင် တတိယနေရာများ ရရှိခဲ့သည်။ ၂၀၁၇ ခုနှစ်တွင် ယှဉ်ပြိုင်သည့် PU အသင်း၊ ၂၀၂၃ ခုနှစ်တွင် ယှဉ်ပြိုင်သည့် VUC အသင်းတို့မှာ အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။

VUC အသင်းသည် MFF Futsal Championship 2023 ပြိုင်ပွဲတွင် ပွဲတိုင်း အနိုင်ရကာ ချန်ပီယံဆုရခဲ့ပြီး ဗိုလ်လုပွဲတွင် Generations အသင်းကို နှစ်ဂိုး - တစ်ဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ VUC အသင်းသည် ချန်ပီယံဆုအပြင် အသန့်ရှင်းဆုံး အသင်းဆု၊ ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးကစားသမားဆုကို မျိုးမြင့်စိုး၊ အကောင်းဆုံးဂိုးသမားဆုကို ဇွဲပြည့်စုံတို့က ရရှိခဲ့သည်။

**ညီမြတ်သော်တာ**

**ဓာတ်ပုံ - VUC**

◆ *ကျောဖုံးမှ*

ဖိအားပေးကစားမှုအောက် ပုံစံကောင်းပျောက်ဆုံးခဲ့သည့်အတွက် ဂိုးပြတ်ရှုံးပွဲကြုံတွေ့ကာ ရှုံးထွက်အဆင့်တက်ရေး မျှော်လင့်ချက်မှေးမှိန်ခဲ့ရပြီဖြစ်သည်။

**နောက်တစ်ဆင့်တက်လှမ်း**

အာဆင်နယ်အသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက်တွင် ပထမပိုင်းအတွင်း ဟာဗက်ဇ်၊ ဂျီးဆပ်၊ ဆာကာ၊ မာတင်နယ်လီ၊ အိုဒီဂတ်စသော မတူညီသည့် ကစားသမားငါးဦးမှ ဂိုးသွင်းယူနိုင်သည့် မှတ်တမ်းရေးထိုးနိုင်ခဲ့သည်။ အာဆင်နယ်အသင်းသည် ယခုပွဲစဉ်အနိုင်ရရှိခဲ့သည့်အတွက် အုပ်စုပွဲစဉ် ငါးပွဲယှဉ်ပြိုင်ကစားအပြီးတွင် လေးပွဲနိုင်၊ တစ်ပွဲရှုံး ရလဒ်နှင့်အတူ အုပ်စုပထမနေရာဖြင့် နောက်တစ်ဆင့် တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။

အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် အာဆင်နယ်အသင်းသည် ပီအက်စ်ဗွီအသင်းနှင့် ဒီဇင်ဘာ ၁၃ ရက်တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ ပြိုင်ဘက်လန်းစ်အသင်းက အဆိုပါရက်တွင် ဆီဗီလာအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။


**အခြားပွဲစဉ်ရလဒ်များ**

အခြားသော ပွဲစဉ်ရလဒ်များတွင် ပီအက်စ်ဗွီက ဆီဗီလာကို သုံးဂိုး-နှစ်ဂိုး၊ ရီးရဲမက်ဒရစ်က နာပိုလီကို လေးဂိုး-နှစ်ဂိုး အနိုင်ရရှိခဲ့ပြီး ဂါလာတာစာရေးနှင့် မန်ယူအသင်းပွဲစဉ်တွင် တစ်ဖက်သုံးဂိုးစီသရေ၊ ဘရာဂါနှင့် ယူနီယံဘာလင်အသင်းပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေ၊ ဆိုစီဒက်နှင့် ဆောလ်ဘတ်အသင်း ပွဲစဉ်တွင် ဂိုးမရှိသရေ၊ ဘိုင်ယန်မြူးနစ်နှင့် ကိုပင်ဟေဂင်အသင်း ပွဲစဉ်တွင် ဂိုးမရှိသရေကျခဲ့သည်။

**အောင်ဇော်**

# မင်းရန်အောင်၊ မော်ဖဒေသနှင့် မက်မန်းမြို့သာယာ

**မြင့်စိုး(နတလ)**




*(ယမန်နေ့မှ အဆက်)*

**သံလွင်မြစ်ကူး စစ်ဆင်ရေး၏အစ**

သံလွင်ကို စကူးတဲ့နေ့က ၁၉၇၉ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်နေ့ပဲ။ ဒီနေရာမှာ ကစထမှူးကြီး ဗိုလ်ချုပ်ကြီးထွန်းရီ ညွှန်ကြားခဲ့တာက **"ခင်ဗျား သံလွင်ကိုကူးပြီးရင် တွေ့တဲ့ရန်သူတိုက်ဖို့က ပြဿနာမဟုတ်ဘူး၊ တပ်တွေကလည်း အတွေ့အကြုံရှိတယ်၊ ခင်ဗျားကလည်း အတွေ့အကြုံရှိတယ်၊ ပူစရာမလိုဘူး၊ သံလွင်ကို ကူးနိုင်ဖို့က အဓိကပဲ၊ Normandy Landing လို့ သဘောထားး လုံးဝမပေ့ါနဲ့"** ဆိုတာပါပဲ။

"သံလွင်ကို အောင်မြင်စွာကူးနိုင်ဖို့ သိပ်ကို အရေးကြီးတယ်။ ဒီဘက်ကို ဗကပရဲ့ အာရုံစူးစိုက်မှု နည်းသွားအောင် ခန့်မှန်းသုံးသပ်လို့ မရအောင် တခြား တပ်မ (၆၆)၊ တပ်မ (၈၈)၊ တပ်မ (၉၉) နဲ့ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေတွေမှာ ရောင်ပြစစ်ဆင်ရေးတွေ ပြုလုပ်စေခဲ့တယ်။ ဒါတွေအားလုံးဟာ ဗိုလ်ချုပ်ကြီးထွန်းရီရဲ့ အစီအမံတွေပဲ။" အဘဦးညွန့်ဆွေက သံလွင်မြစ်ကူး စစ်ဆင်ရေးမပြုလုပ်မီ ကစထမှူးကြီး၏ ညွှန်ကြားချက်ကို ပြန်လည်ပြောပြခဲ့သည်။ ဘာကြောင့် တပ်မ (၇၇) တပ်များနှင့် မော်ဖဒေသကို ဝင်ရောက်ထိုးဖောက် တိုက်ခိုက်ရသလဲဆိုတာနှင့် ပတ်သက်၍လည်း အခုလို ဆက်လက်ရှင်းပြပါသည်-

**"၁၉၇၅ ခုနှစ်မှာ ဗကပ ဗဟိုကော်မတီကို ပြန်လည်ဖွဲ့စည်းပြီး စစ်ရေးလှုပ်ရှားမှုတွေကို လုပ်လာကြတယ်။ ၇၅၁၀ စီမံကိန်းပေါ်လာတယ်။ တိုက်ခိုက်ရေးအင်အား ၁၂၀၀၀ ခန့်ရှိလာတဲ့ဗကပဟာ ကိုးကန့်ဒေသနဲ့ 'ဝ' ဒေသတွေကို လွှမ်းမိုးခြယ်လှယ်လာခဲ့တယ်။ ၁၉၇၉ ခုနှစ်မှာ ဗကပဗဟိုကို ပန်ဆန်းကို ရွှေ့လာပြီး အသံလွှင့်ရုံတွေ၊ လက်နက်ပြင်ရုံတွေ၊ လူနေအိမ်တွေ၊ ရုံးတွေအခိုင်အမာ တည်ဆောက်ခဲ့တယ်၊ ကွပ်ကဲမှုဌာနချုပ် ဖွင့်လှစ်တဲ့ သဘောပဲ၊ နယ်စပ်ဒေသ ပန်ဆန်းမြို့ကို အခြေပြုပြီး ကိုးကန့်ဒေသ၊ 'ဝ' ဒေသ မြောက်ပိုင်းနဲ့ တောင်ပိုင်းအပါအဝင် သံလွင်အရှေ့ခြမ်းတစ်ခုလုံးကို သီးခြားကွန်မြူနစ်နိုင်ငံ ထူထောင်ဖို့အထိ လုပ်လာနိုင်တယ်၊ ဒီလိုဖြစ်လာမှာကို ကစထမှူး ဗိုလ်ချုပ်ကြီးထွန်းရီက အထူးစိုးရိမ်တယ်။ ဒါကြောင့် ကာကွယ်ရေးဦးစီးချုပ်နဲ့ ဥက္ကဋ္ဌကြီး ဦးနေဝင်းထံ တင်ပြခဲ့ပြီး မော်ဖဒေသကို ထိန်းချုပ်နိုင်ဖို့အတွက် မင်းရန်အောင်စစ်ဆင်ရေးကြီးကို ဆင်နွှဲခဲ့တာဖြစ်တယ်"**

**ရည်မှန်းချက် ကိုယ်စီသို့ ချီတက်တိုက်ခိုက်သိမ်းပိုက်**

အမှတ် (၁) ရှမ်းသေနတ်ကိုင်တပ်ရင်းတွင် တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး သာစိန်ဖြစ်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဗိုလ်အဆင့်ဖြင့် IO (ထောက်လှမ်းရေးအရာရှိ) တာဝန်ထမ်းဆောင်ခဲ့သည်။ ရှမ်း(၁) တပ်ရင်းသည် ပန်လုံ ကူးတို့ဆိပ်မှနေ၍ နိုဝင်ဘာ ၂၃ ရက် နံနက် ၈ နာရီခွဲအချိန် စတင်ကူးခဲ့ကြရာ နိုဝင်ဘာ ၂၄ ရက် နေ့လယ်တွင် တပ်ရင်းတစ်ရင်းလုံး ကူးပြီးခဲ့ကြောင်း သိရသည်။ ရှမ်း (၁) ၏ ပထမရည်မှန်းချက်မှာ ပွိုင့် ၃၂၈၀ ဖြစ်သည်။

ယင်းကုန်းကို တိုက်ခိုက်သိမ်းပိုက်ပြီးနောက် ပန်ခါးတောင်ကြောကို ဆက်လက်ရှင်းလင်း ချီတက်ခဲ့ကြသည်။ ခမရ (၁၀၇) တပ်ရင်းကိုလည်း ပန်လုံကူးတို့ဆိပ်မှပင် ဖြတ်ကူးစေခဲ့ရာ နိုဝင်ဘာ ၂၃ ရက် ညနေ ၅ နာရီမှာ စက(၁)၊ စက(၂) နှင့် တပ်ခွဲ ၄ ခွဲ ဖြတ်ကူးနိုင်ခဲ့ကြသည်။ နိုဝင်ဘာ ၂၅ ရက်၌ ခမရ ၁၀၇ စက(၁)နှင့် အဖွဲ့ကို ပွိုင့် ၃၆၆၀ တွင် ခြေကုပ်ယူစေပြီး စက(၂) အဖွဲ့များက မွတ်နိုးကို ဝင်ရောက်ရှင်းလင်းခဲ့ပါသည်။ ခမရ (၁၀၁) တပ်ရင်းသည် တောင်ဘက်လမ်းကြောင်းအတိုင်း မတ်လုံကူးတို့ဆိပ်မှကူးကာ နမ့်ဟာနူးကို ဝင်ရောက်ရှင်းလင်း သိမ်းပိုက်ခဲ့သည်။ ခမရ (၁၀၆) ကမူ တောင်ဘက်အစွန်ရှိ နမ့်ခချောင်းကိုဖြတ်၍ ဝမ်စလောင်းကို ဝင်ရောက်ရှင်းလင်းစေခဲ့သည်။ ခမရ (၁၀၅) စက(၁) တပ်ခွဲ ၄ ခွဲသည် မတ်ကျန်းကူးတို့ဆိပ်မှကူးကာ ဝင်းဆိုင်သို့ ချီတက်ရှင်းလင်းခဲ့သည်။

ရှေ့တန်း အမှတ် (၇၇) ခြေမြန်တပ်မဌာနချုပ် ဒုတိယတပ်မမှူး ဗိုလ်မှူးကြီးညွန့်ဆွေ၊ အမှတ် (၇၇၂) နည်းဗျူဟာမှူး၊ ဗိုလ်မှူးကြီးစံလွင်တို့ ပါဝင်သော ကွပ်ကဲမှုအဖွဲ့သည် ခမရ (၁၀၅) စက (၂)နှင့် တပ်ခွဲ ၁ ခွဲ၊ ခမရ (၁၀၇) တပ်ခွဲ ၁ ခွဲ အနီးကပ်လိုက်ပါလျက် နိုဝင်ဘာ ၂၄ ရက် ညနေ ၅ နာရီ အချိန်တွင် သံလွင်မြစ်ကို ပန်လုံကူးတို့ဆိပ်မှ ဖြတ်ကူးခဲ့ပြီး နိုဝင်ဘာ ၂၆ ရက် နံနက် ၁ နာရီ အချိန်တွင် ဝမ်ဝိန်းရွာသို့ ဝင်ရောက်ရှင်းလင်းခဲ့သည်။

**၁၉၇၅ ခုနှစ်မှာ ဗကပ ဗဟိုကော်မတီကို ပြန်လည်ဖွဲ့စည်းပြီး စစ်ရေးလှုပ်ရှားမှုတွေကို လုပ်လာကြတယ်။ ၇၅၁၀ စီမံကိန်းပေါ်လာတယ်။ တိုက်ခိုက်ရေးအင်အား ၁၂၀၀၀ ခန့် ရှိလာတဲ့ ဗကပဟာ ကိုးကန့်ဒေသနဲ့ 'ဝ' ဒေသတွေကို လွှမ်းမိုးခြယ်လှယ်လာခဲ့တယ်။ ၁၉၇၉ ခုနှစ်မှာ ဗကပဗဟိုကို ပန်ဆန်းကို ရွှေ့လာပြီး အသံလွှင့်ရုံတွေ၊ လက်နက်ပြင်ရုံတွေ၊ လူနေအိမ်တွေ၊ ရုံးတွေ အခိုင်အမာတည်ဆောက်ခဲ့**

ဝမ်ဝိန်းတွင် ဗကပ သုံးယောက်အား ဖမ်းဆီးရမိသဖြင့် စစ်မေးခဲ့ရာ မွတ်နိုးမှာ ဗကပ ၁၀၀ ခန့် ရှိကြောင်း၊ ပန်ခါးတောင်ကြောနှင့် ပွိုင့် ၆၀၀၀ ကုန်းတွေမှာ အင်အားများကြောင်း သိခဲ့ရသည်။ ထိုသို့ သတင်းရရှိချိန်၌ မွတ်နိုးကို ခမရ (၁၀၇) စက(၂) က ဝင်ရောက် တိုက်ခိုက်ပြီးဖြစ်သလို ရှမ်း (၁) သည်လည်းပဲ ပန်ခါးတောင်ကြောကို ရှင်းလင်းနေပြီ ဖြစ်သည်။

ဖော်ပြပါအတိုင်း တပ်မကွပ်ကဲမှုအဖွဲ့နှင့် တပ်ရင်း ငါးရင်းစလုံး သံလွင်မြစ်ကို အောင်မြင်စွာ ဖြတ်ကူးပြီးချိန်၌ ဗကပသည် အခြေအနေကို ရိပ်မိသွားပြီး ပန်ခါးတောင်ကြော၊ ပွိုင့် ၆၀၀၀ ကုန်း၊ ပွိုင့် ၆၀၂၈ ကုန်းများတွင် အင်အားထပ်မံဖြည့်တင်းပြီး လက်နက်ကြီးများ တင်ကာ အသင့်စောင့်နေကြောင်း သိရသည်။ ခမရ(၁၀၇)က မွတ်နိုးကို သိမ်းပြီးချိန်တွင် ဒုတပ်မမှူး ဗိုလ်မှူးကြီးညွန့်ဆွေ ဦးစီးကွပ်ကဲမှုအဖွဲ့သည် မွတ်နိုးမှတစ်ဆင့် ဝမ်ကန်ရွာပျက်သို့ ချီတက်အခြေပြုခဲ့သည်။ ထိုနေရာသို့ ကစထမှူးကြီး ဗိုလ်ချုပ်ကြီးထွန်းရီ၊ ရပခတိုင်းမှူး ဗိုလ်ချုပ်လှဦး၊ တပ်မ(၇၇) တပ်မမှူး ဗိုလ်မှူးကြီးချစ်ဆွေတို့ ရဟတ်ယာဉ်ဖြင့် ရောက်ရှိလာကာ ဒုတပ်မမှူး၏ တင်ပြချက်နှင့် မြေပြင်အခြေအနေတို့ကို ကြည့်ရှုသုံးသပ်ပြီး ကစထမှူးကြီးက အောက်ပါအတိုင်း စစ်ဆင်ရေးညွှန်ကြားချက်ပေးခဲ့သည်။

**" ပွိုင့် ၆၀၂၈ (လွိုင်ဆိုက်ခေါင်)နဲ့ ပွိုင့် ၆၀၀၀ ကြောတွေကို မရရအောင်တိုက်ရမယ်၊ မြေပြင်အနေအထားအရ Causalities (ထိခိုက်မှု) ငါးဆယ်ရာခိုင်နှုန်းလောက် ရှိချင်ရှိလာနိုင်တယ်၊ စွန့်စွန့်စားစားတိုက်မှ ရမယ်၊ ပန်ဆန်းကို ခြိမ်းခြောက်ဖို့၊ ထိန်းချုပ်ထားဖို့ ဒီစစ်ဆင်ရေးကို လုပ်တာဗျ"**

ယင်းညွှန်ကြားချက်ရသည်နှင့် ဒုတပ်မမှူးသည် နိုဝင်ဘာ ၂၆ ရက်တွင် ခမရ (၁၀၇) စက(၂)နှင့် တပ်ခွဲများကို ပွိုင့် ၅၇၁၀၊ ပွိုင့် ၅၈၆၀ ကုန်းများသို့ ဆက်လက်ချီတက် ရှင်းလင်းစေခဲ့သည်။ နိုဝင်ဘာ ၂၈ ရက်တွင် ပွိုင့် ၆၀၀၀ ကုန်းမှ ဗကပ ၁၅ ယောက်ခန့် ဆင်းလာသည်ကို တွေ့ရ၍ ခမရ(၁၀၇) အဖွဲ့က စောင့်ကြိုပစ်ခတ်ခဲ့သည်။ နိုဝင်ဘာ ၂၉ ရက်တွင် ဒုတပ်မမှူးနှင့် ကွပ်ကဲမှုအဖွဲ့သည် ပွိုင့် ၅၇၁၀ ကုန်းသို့ ပြောင်းရွှေ့ကွပ်ကဲမှုယူခဲ့ပြီး နိုင်ငံတော်အလံကို လွှင့်ထူခဲ့သည်။ ၁၀၅ မမ ဟောင်ဝစ်ဇာအမြောက်တစ်လက်ကို ရဟတ်ယာဉ်ဖြင့် ပို့ပေးသဖြင့် လက်ခံရရှိခဲ့သည်။ အဆိုပါ ပွိုင့် ၅၇၁၀ ကုန်းသည် ပွိုင့် ၆၀၀၀ ကုန်းနှင့် ကိုက် ၅၀၀၀ ခန့်သာ ဝေးကွာပါသည်။

ဗိုလ်မှူးကြီးညွန့်ဆွေနှင့်အဖွဲ့ ပွိုင့် ၅၇၁၀ ကုန်းသို့ ရောက်ရှိချိန်တွင် ကက(ကြည်း) စစ်ဦးစီးမှူး (ပထမတန်း) ဒုတိယဗိုလ်မှူးကြီး တင်ဦး (နောင်သောအခါ ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး-အတွင်းရေးမှူး ၂) က ကာကွယ်ရေးဦးစီးချုပ်၏ ညွှန်ကြားချက်ကို ပေးပို့လာသည်။ ပွိုင့် ၇၁၂၃ (လွိုင်ဟိုလာ) အထိ မိမိတပ်ကို တင်ထားရန်ဖြစ်သည်။ ယင်းညွှန်ကြားချက်အရ ဒုတိယတပ်မမှူးသည် ပွိုင့် ၅၇၁၀ ကုန်းတွင် အနီးကပ်ရှိနေသော ခမရ (၁၀၅) တပ်စုတစ်စုကို ရိက္ခာတစ်ပတ်စာနှင့် ချီတက် နေရာယူစေခဲ့သည်။

**ပန်ခါး၊ သံခမောက်ကုန်း၊ ပွိုင့် ၆၀၀၀ နှင့် ပွိုင့် ၆၀၂၈**

တပ်ရင်း ၅ ရင်းသည် ရည်မှန်းချက်ကိုယ်စီဖြင့် ဆက်လက်ချီတက်တိုက်ခိုက်ခဲ့ကြရာ ၁၉၇၉ ခုနှစ် နိုဝင်ဘာ ၃၀ ရက်အထိ ခမရ (၁၀၁) သည် သံခမောက်ကုန်းနှင့် ပွိုင့် ၆၀၀၀ ကုန်းတွေကို တိုက်နေရဆဲဖြစ်သည်။ ရှမ်း(၁) တပ်ရင်း၏ စက(၁) သည် ပန်ခါးကြောကို အနောက်ဘက်မှ လည်းကောင်း၊ စက (၂) နှင့် နောက်ထပ်ရောက်ရှိလာသော ခမရ (၆) မှ ဗိုလ်မှူးသူရအောင်ထက် ဦးစီး ကွန်မန်ဒိုတပ်ခွဲတစ်ခွဲက ပန်ခါးကြောကို မြောက်ဘက်မှလည်းကောင်း လက်နက်ကြီး ပစ်ကူယူ၍ တိုက်ခိုက်ခဲ့ကြသည်။

ရှမ်း(၁) တပ်ရင်းဘက်သို့ အားဖြည့်သည့် အနေဖြင့် *စာမျက်နှာ ၉ သို့*



ပွိုင့် ၆၀၂၈ ခံစစ်ကုန်းပေါ်၌ အမှတ်တရစုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။



ဒုတပ်မမှူးဘဝဖြင့် ကွပ်ကဲခဲ့သော မင်းရန်အောင်စစ်ဆင်ရေးကို အဘဦးညွန့်ဆွေ ပြန်လည်ပြောပြစဉ်။

*စာမျက်နှာ ၈ မှ*

ခမရ (၁၀၇) စစ်ကြောင်းတစ်ခုကို ပန်ခါးကြောအလယ်မှ ဖြတ်တိုက်စေခဲ့သည်။ ဒီဇင်ဘာ ၃ ရက်အထိ ပန်ခါးတောင်ကြော၊ သံခမောက်ကုန်း၊ ပွိုင့် ဖ၀၀၀ ကုန်းများကို မသိမ်းပိုက်နိုင်သေးပါ။ ခမရ (၁၀၁) တိုက်နေသော သံခမောက်ကုန်းသည် ပွိုင့် ဖ၀၀၀ ကုန်း၏ ရှေ့ကာကုန်းဖြစ်သည်။ ဒီကုန်းကိုရမှ ပွိုင့် ဖ၀၀၀ ကို သိမ်းနိုင်မည်။ သည့်အတွက် ဒုတပ်မမှူးသည် ခမရ (၁၀၁) မှ ယာယီတပ်ခွဲမှူး (ဗိုလ်မှူး) ဗိုလ်ကြီးမောင်ရီကို သူ့စိတ်ကြိုက်လက်ရွေးစင်စစ်သည်များ ထုတ်နုတ်စုဖွဲ့စေကာ ဒီဇင်ဘာ ၆ ရက် ညနေတွင် သံခမောက်ကုန်းအား နောက်ဘက်လျှိုမှပတ်၍ တိုက်ခိုင်းခဲ့သည်။ ဒုတပ်မမှူး ကွပ်ကဲနေသော ပွိုင့် ၅၇၁၀ ကုန်းမှ ၁၀၅ မမ အမြောက်ဖြင့် ပစ်ကူပေးခဲ့သည်။

အဘဦးညွှန့်ဆွေ၏ ပြောပြချက်အရ ဗိုလ်မှူးမောင်ရီ၏ နာမည်ရင်းမှာ မောင်ရီမဟုတ်ဘဲ ရခိုင်တိုင်းရင်းသား မောင်ရီးဖြစ်ကြောင်း၊ ဗိုလ်ချုပ်ကြီးထွန်းရီနှင့် အဘဦးညွှန့်ဆွေတို့ ခမရ (၁၀၅) ၌ တပ်ခွဲမှူး၊ တပ်စုမှူးဘ၀ဖြင့်ရှိနေကြစဉ် တပ်ကြပ်ကြီးမောင်ရီးသည် တိုက်ရည်ခိုက်ရည်ကောင်းသဖြင့် သီဟဗလဘွဲ့တံဆိပ် ရထားပြီးဖြစ်ကြောင်း၊ ကစထမှူးထံသို့လည်း **"ဆရာသမား ခမရ (၁၀၅) က မောင်ရီးကို မှတ်မိတယ်မို့လား။ အခုအရာရှိဖြစ်ပြီး ခမရ (၁၀၁) မှာ ရောက်နေတယ်။ သူနဲ့ လက်ရွေးစင်ထုတ်နုတ်ပြီး သံခမောက်ကုန်းကို တိုက်မယ်"** ဟု အသိပေးတင်ပြခဲ့ကြောင်း သိရသည်။

ဒီဇင်ဘာ ၆ ရက် ညနေ၌ တိုက်ခိုက်ခဲ့သော ယင်းတိုက်ပွဲတွင် ဗိုလ်မှူးမောင်ရီ နှင့် စစ်သည်များသည် သံခမောက်ကုန်း၏ ခံစစ်စည်းနှစ်ခုကို ဖြတ်ကျော် ဝင်ရောက်နိုင်ခဲ့သည်။ နောက်ဆုံးခံစစ်စည်း ဆက်သွယ်ရေးမြောင်းသို့ ကပ်မိချိန်တွင် ပွိုင့် ဖ၀၂ ကုန်းမှ ဗကပတို့က လက်နက်ကြီးများဖြင့် စုပြုံပစ်ခတ်လာခဲ့ရာ ကျည်တစ်တောင့်သည် သစ်ပင်ကို ထိမှန်ပေါက်ကွဲပြီး ဗိုလ်မှူးမောင်ရီ၏ ဇက်ပိုးကို ကျည်စတစ်ခု စိုက်ဝင်သွားခဲ့သည်။ တပ်ခွဲမှူး ဒဏ်ရာရသွားသဖြင့် သူ့တပ်စုမှူး ဒုတိယဗိုလ်အောင်သန်းထူး ဆက်လက်ကွပ်ကဲ တိုက်ခိုက်ခဲ့သော်လည်း နောက်ဆုံးခံစစ်စည်းမှ လန်ကျကာ ပြန်လည်ဆုတ်ခွာပေးခဲ့ရသည်။ ဒဏ်ရာရ ဗိုလ်မှူးမောင်ရီအား ရဟတ်ယာဉ်ဖြင့် မိုင်းရှူးသို့ ပြန်လည်ပို့ဆောင်ကုသပေးခဲ့သော်လည်း ဒဏ်ရာပြင်းထန်သဖြင့် ဒီဇင်ဘာ ၇ ရက် နံနက်ပိုင်းတွင် ကျဆုံးသွားခဲ့သည်။

**ဗျူဟာပြောင်း၍ တိုက်ကွက်ဖော်**

ပန်ခါးတောင်ကြော၊ သံခမောက်ကုန်း၊ ပွိုင့် ဖ၀၀၀ ကုန်းတို့ကို မရသေးသောကြောင့် ဒီဇင်ဘာ ၁၂ ရက်အထိ ဆက်လက်ရင်ဆိုင်ထိန်းချုပ်ထားကာ တပ်ရင်းအလိုက် ရိက္ခာနှင့် ခဲယမ်းများ ဖြည့်တင်းပေးခဲ့သည်။ ဒီဇင်ဘာ ၁၃ ရက်နှင့် ၁၄ ရက်များတွင် ရန်သူကို လှည့်စားတိုက်ကွက်ဖော်မည့် စီမံချက်ရေးဆွဲခဲ့သည်။ စီမံချက်အတုကို ရန်သူ ဗကပများ ဖမ်းယူရရှိသွားစေရန် ရည်ရွယ်ပြီး ဆက်သွယ်ရေးစက်ဖြင့် ပေးပို့ပေးခဲ့သည်။ တကယ်တိုက်မည့်စီမံချက်ကိုမူ တပ်ရင်းမှူးများထံ လျှို့ဝှက်စွာ အသိပေးထားပြီးဖြစ်သည်။ တစ်နည်းပြောရလျှင် ရည်မှန်းချက်အောင်မြင်ရေးအတွက် ဘုရင့်နောင် ဖောင်ဖျက်၍ တိုက်ခဲ့သောစစ်ဆင်ရေး စီမံချက်ဟု ပြောရမည်သာ။ ယင်းနောက်ဆုံးအဆင့် အခင်းအကျင်းကို အဘဦးညွှန့်ဆွေက ယခုလို ပြောပြခဲ့သည် -



**တာဝန်ထမ်းဆောင်နေသော အရာရှိအကြပ်စစ်သည်များအတွက် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။**

> **"ခမရ ၁၀၁ စက(၂)က ပွိုင့် ဖ၀၀၀ ကုန်းကို ထိန်းထားတယ် စက(၁)နဲ့ ကျန်တပ်ခွဲတွေက ပွိုင့် ဖ၀၂၈ နဲ့ ဝမ်ပါသောင်းကြားကို ဖြတ်ဝင်မယ်၊ ခလရ ၆ စက(၁)နဲ့ တပ်ခွဲ ၃ ခွဲက ပန်ခါးမြောက်ဘက် ကိုက် ၃၀၀၀ လောက်အကွာ မန်ကျူးရွာပျက်ကတစ်ဆင့် ပွိုင့် ဖ၀၂၈ ကို အနောက်မြောက်ဘက်က ချဉ်းကပ်မယ်၊ ခလရ ၆ ရဲ့ ကွန်မန်ဒိုတပ်ခွဲကို ပွိုင့် ဖ၀၂၈ ရဲ့မြောက်ဘက်ကနေ ပတ်ဝင်ခိုင်းထားတယ်၊ တိုက်ပွဲတွေဆက်တိုက်ဖြစ်နေတဲ့ ရှမ်း ၁ ကိုတော့ ခဏအနားပေးတဲ့အနေနဲ့ စက ၂ က ပန်ခါးတောင်ကြောကို ဟန်မပျက်ရင်ဆိုင်ထားပြီး စက ၁ နဲ့ ကျန်တပ်ခွဲတွေကို ပွိုင့် ဖ၀၂၈ တောင်ဘက်ကနေ ရောင်ပြချဉ်းကပ်စေခဲ့တယ်၊ ခမရ ၁၀၇ တစ်ရင်းလုံး ပန်ဆန်းနဲ့ ရောင်အော်ကြား၊ ဆက်သွယ်ရေးလမ်းကြောင်းကိုလည်း ဖြတ်တောက်ရင်း ခံစစ်အပါးဆုံးနေရာကနေ ဝင်တိုက်ခိုင်းလိုက်တယ်၊ ပြောရရင်တော့ လေယာဉ်ပစ်ကူမပါဘဲ ဝိုင်းပတ်တိုက်ခိုက်ဖို့ စီမံချက်ရေးဆွဲခဲ့တာ၊ လေယာဉ်ပစ်ကူမပါတော့ ရန်သူကလည်း တိုက်မယ်လို့ မျှော်လင့်မထားဘူး"**

**ပွိုင့် ဖ၀၂၈ မှာ နိုင်ငံတော်အလံ လွှင့်ထူနိုင်ခဲ့ပြီ**

ပွိုင့် ဖ၀၂၈ သည် ထိုဒေသတစ်ခုလုံးအတွက် အချက်အချာတောင်ကုန်းဖြစ်သည်။ သူ့ကို သိမ်းနိုင်ဖို့လိုသည်။ အထက်ပါအတိုင်း စီမံချက်အတိုင်း ချဉ်းကပ်ချီတက်တိုက်ခိုက်ခဲ့ကြသည်။ ဒီဇင်ဘာ ၁၆၊ ၁၇ ရက်များတွင် တိုက်ပွဲများ ပြင်းထန်လာခဲ့သည်။ ခမရ (၁၀၁) သည် ပွိုင့် ဖ၀၂၈ ကုန်း၏ ရှေ့ကိုက် ၂၀၀၀ အထိ ချဉ်းကပ်မိပြီး ကာကင်းကုန်းများမှ ဗကပများနှင့် ရင်ဆိုင်ခဲ့ရသည်။ ဒီဇင်ဘာ ၁၈ ရက်တွင် ခလရ (၆)၊ ခမရ (၁၀၇)၊ ရှမ်း(၁) တပ်ရင်းတပ်ဖွဲ့များ ဟန်ချက်ညီညီ ချဉ်းကပ်တိုက်ခိုက်ခဲ့ကြသည်။ ဒုတပ်မမှူး၏ ပွိုင့် ၅၇၁၀ ကုန်းမှလည်း အမြောက် ၈ လက်ဖြင့် ပန်ခါးကြော၊ ပွိုင့် ဖ၀၀၀၊ ပွိုင့် ဖ၀၂၈ ကုန်းများကို ပစ်ကူပေးခဲ့သည်။

အမြောက်ပစ်ကူက ပန်ဆန်းနှင့် ရောင်အော်အကြား ဆက်သွယ်ရေးလမ်းကြောင်းပေါ်သို့လည်း ပစ်ခတ်ပေးခဲ့ရာ ပွိုင့် ဖ၀၂၈ သို့ စစ်ကူလာသော ဗကပများအား ထိမှန်ပြီး တားဆီးနိုင်ခဲ့သည်။ ဒီဇင်ဘာ ၁၈ ရက် မွန်းလွဲ ၁ နာရီခန့်အချိန်တွင် ခမရ (၁၀၇) စက(၂) သည် ပွိုင့် ဖ၀၂၈ ၏ ခါးလယ်ကို ဝင်ပိုင်းနိုင်ခဲ့ပြီး လုံးထွေးတိုက်ခိုက်ခဲ့ကြသည်။ ၁၉၇၉ ခုနှစ် ဒီဇင်ဘာ ၁၈ ရက် ညနေ ၄ နာရီ ၃ မိနစ်အချိန်၌ ပွိုင့် ဖ၀၂၈ တောင်ကုန်းကို ခမရ ၁၀၇ တပ်ရင်းက သိမ်းပိုက်နိုင်ခဲ့သည်။ ပွိုင့် ဖ၀၂၈ တောင်ကုန်း ကျသွားသည်နှင့် ပန်ခါးတောင်ကြောမှ ဗကပများသည်လည်းကောင်း၊ ပွိုင့် ဖ၀၀၀ ကုန်း၊ သံခမောက်ကုန်းတို့မှ ဗကပများသည် လည်းကောင်း ဒရောသောပါး ဆုတ်ခွာထွက်ပြေးခဲ့ကြသည်။ ဆုတ်ခွာသွားသော ဗကပများနောက်သို့ ဒီဇင်ဘာ ၂၀ ရက်အထိ လိုက်လံရှင်းလင်းခဲ့ကြသည်။

ရှေ့တန်းအမှတ် (၇၇) ခြေမြန်တပ်မဌာနချုပ် ဒုတိယတပ်မမှူး ဗိုလ်မှူးကြီးညွှန့်ဆွေက ဒီဇင်ဘာ ၂၀ ရက်တွင် ပွိုင့် ဖ၀၂၈ သို့ သွားရောက်ပြီး နိုင်ငံတော်အလံကို လွှင့်ထူခဲ့သည်။ များမကြာမီမှာပင် ပွိုင့် ဖ၀၂၈ သို့ ကစထမှူး ဗိုလ်ချုပ်ကြီးထွန်းရီ၊ တိုင်းမှူး ဗိုလ်ချုပ်လှဦး၊ တပ်မမှူး ဗိုလ်မှူးကြီး ချစ်ဆွေ၊ သံချပ်ကာယန္တရား ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး သက်ဝေ၊ ရှမ်းပြည်နယ်ကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ထွန်းရင်လောတို့ ရောက်ရှိစစ်ဆေးခဲ့ကြသည်။ ဒုတိယတပ်မမှူး ဗိုလ်မှူးကြီးညွှန့်ဆွေက ရောင်အော်လမ်းကြောင်းအတိုင်း ရှေ့တိုးတိုက်ဖို့ ခွင့်တောင်းသော်လည်း ကစထမှူးကြီးက ခွင့်မပြုတော့ကြောင်း သိရသည်။

**မော်ဖဒေသအောင်ပွဲ (သို့မဟုတ်)**
**တပ်မတော်၏ အောင်ပွဲ**

မော်ဖဒေသအောင်ပွဲသည် စစ်ဆင်ရေးအထူးအဖွဲ့မှူး ဒုတိယဗိုလ်ချုပ်ကြီးထွန်းရီ၊ ဒုတိယတပ်မမှူး ဗိုလ်မှူးကြီးညွှန့်ဆွေအပါအဝင် အမှတ် (၇၇) ခြေမြန်တပ်မဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်ရင်းတပ်ဖွဲ့များမှ အရာရှိအရာခံ အကြပ်တပ်သားအားလုံး၏ အောင်ပွဲဖြစ်ပါသည်။ ကိုးကန့်၊ 'ဝ'၊ မော်ဖဒေသများအား ဖွဲ့ထုတ်၍ ဖိနှိပ်ခြယ်လှယ်ကြီးစိုးရန် ကြံရွယ်ခဲ့သော ဗကပတို့၏ အကြံအစည်ကို ပျက်ပြားစေခဲ့သော အောင်ပွဲလည်းဖြစ်ခဲ့သည်။ တစ်နည်းဆိုရသော် မင်းရန်အောင် စစ်ဆင်ရေး၏ အောင်ပွဲ၊ တပ်မတော်၏ အောင်ပွဲဖြစ်ပေသည်။ တပ်မတော်သည် နိုင်ငံတော်၏ မည်သည့်နယ်မြေအစိတ်အပိုင်းတစ်ခုတလေကိုမျှ ထိခိုက်ဆုံးရှုံးခံမည်မဟုတ်ကြောင်းနှင့် ယင်းသို့ထိခိုက်ပြိုကွဲစေရန် ကြံစည်အားထုတ်မှု မှန်သမျှကိုလည်း ရင်မြေကတုတ်လုပ်၍ အသက်ပေးကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ကြောင်း ထင်ရှားစွာ မီမောင်းထိုးပြခဲ့သော အောင်ပွဲဟု မှတ်တမ်းကမ္ပည်းမော်ကွန်း ရေးထိုးရမည်သာ…။

**သံယောဇဉ် လွန်းတင်မိပါပေါ့**

ကျွန်တော်ဆိုသော မြင့်စိုး (နတလ) က ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၃ ရက်တွင် နတလဝန်ထမ်းဘဝဖြင့် မော်ဖဒေသ မက်မန်းမြို့၊ ဆွတ်ဝိုး၊ ရောင်အူရွာများသို့ စတင်ရောက်ဖူးခဲ့သည်။ ထိုမြို့၊ ထိုရွာ ထိုဒေသများနှင့် လွယ်လ၊ ရှမ်း၊ လားဟူ တိုင်းရင်းသားတိုင်းရင်းသူများအပေါ် သံယောဇဉ်လွန်းတင်လိုက်မိပုံက ၂၀၂၂ ခုနှစ် မတ်လ ၄ ရက်မှာ အငြိမ်းစားဝန်ထမ်းဘဝဖြင့် ဒုတိယအကြိမ် ထပ်မံရောက်ရှိခဲ့ပြန်ပါသည်။ ဟော…ယခုကဲ့သို့ အဘဦးညွှန့်ဆွေ၊ အဘ၏ဇနီး အမေဒေါ်သက်ဆွေ (စာရေးဆရာမကြီး မသက်ဆွေ-သရက်)၊ စစ်တက္ကသိုလ်တုန်းကဆရာ ဗိုလ်မှူးကြီးသိန်းမြင့် (ငြိမ်း)၊ ဗိုလ်မှူးကြီးတင်ဝင်း(သံအမတ်ကြီး -ငြိမ်း)၊ ဒုတိယဗိုလ်ချုပ်ကြီး အောင်သန်းထွဋ်(ငြိမ်း) တို့နှင့်အတူ ၂၀၂၂ ခုနှစ် ဧပြီ ၄ ရက်တွင် တတိယအကြိမ် မော်ဖဒေသသို့ ရောက်ခဲ့သည်။ သို့သော် သံယောဇဉ်က ဤမှာတင် ရပ်တန့်မနေ၊ ပြီးခဲ့သည့် အောက်တိုဘာ ၁၈ ရက်မှာ စတုတ္ထအကြိမ်မြောက်အဖြစ် ကျွန်တော်ရောက်အောင် သွားခဲ့သည်။

အဘဦးညွှန့်ဆွေကရော၊ သူ့အသက် ၈၈ နှစ်အရွယ်မှာ အမေ ဒေါ်သက်ဆွေ ၈၆ နှစ်ကို အဖော်ပြု၍ ဒီအရပ်ဒီဒေသတွေကို အရောက်လှမ်းလာချင်စိတ်ဖြစ်ပေါ်လာအောင် မည်သည့်အကြောင်းခြင်းရာတွေက တိုက်တွန်းလှုံ့ဆော်ခဲ့ပါသနည်း။ ကျွန်တော့်ထင်မြင်ယူဆချက်အရ ပြောရလျှင် သံယောဇဉ်ကြောင့်…ပဲ ဖြစ်ပါလိမ့်မည်။ သူလေးစားသော ကစထမှူး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းရီအပေါ် ကြီးမားသော သံယောဇဉ်ဖြင့် သွားရောက်လိုခြင်း ဖြစ်ပေလိမ့်မည်။ ၁၉၇၉ ခုနှစ်က ဆရာသမားနှင့်အတူတကွ ကျားကုပ်ကျားခဲ တိုက်ယူခဲ့ရသော ပွိုင့် ၅၇၁၀၊ ပွိုင့် ဖ၀၀၀၊ သံခမောက်ကုန်း၊ ပွိုင့် ၃၂၈၀၊ ပွိုင့် ဖ၀၂၈ တောင်ကုန်းများကို ပြန်ကြည့်ရင်း၊ မော်ဖဒေသ (မက်မန်း) ရဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေကို ကြည့်ရင်း သွားလေသူ ဆရာသမား တမလွန်ဘဝမှ သိစေချင်သော ဆန္ဒပြင်းပြခဲ့ပါလိမ့်မည်။ ယခင်ထုတ်ဝေပြီး စာအုပ်များကို ပြန်လည်မွမ်းမံပြင်ဆင်ရေးသားပြီး ဗိုလ်ချုပ်ကြီးထွန်းရီအား ဂုဏ်ပြုဦးမည်ဖြစ်ကြောင်းလည်း သိရသည်။

ထို့ပြင်တဝ ကျွန်တော်တို့ ပထမဆုံးကြည့်ခဲ့သော သံခမောက်ကုန်း၊ ပွိုင့် ဖ၀၀၀ ကုန်းတွေမှာ ခြေစုံရပ်ရင်းနှင့် တပည့်ကျော် ဗိုလ်မှူးမောင်ရီ (မောင်ရီး) အပါအဝင် ကျဆုံးအရာရှိ စစ်သည်တွေကို သတိတရရှိနေပါလိမ့်မည်။ ဗိုလ်မှူးမောင်ရီက ထိုတိုက်ပွဲမှာ သီဟသူရဘွဲ့ရခဲ့သည်။ ရှမ်း (၁)၊ ခမရ (၁၀၁)၊ ခမရ (၁၀၅)၊ ခမရ (၁၀၆)၊ ခမရ (၁၀၇)၊ ခလရ (၆) တို့မှ တပ်ရင်းမှူးများ၊ အရာရှိအရာခံ အကြပ်တပ်သားများကိုလည်း သတိတရရှိနေပါလိမ့်မည်။ အချို့ကား လူ့ပြည်လူ့ရွာ လူ့လောကကြီးမှာ စွန့်ခွာသွားကြပေပြီ။ အသက် ၈၈ နှစ်အရွယ်၊ ယခုဆိုလျှင် အသက် ၈၉ နှစ်အရွယ် စစ်သားအိုကြီး၏ ကြီးမားသောဆန္ဒကို ဖြည့်ဆည်းပေးသူမှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဖြစ်ပါသည်။

ရန်ကုန်-နေပြည်တော်-တံတားဦး- တာချီလိတ်-ကျိုင်းတုံ ခရီးအတွက် တပ်မတော်လေယာဉ်၊ ကျိုင်းတုံ-မက်မန်း အသွားအပြန်ခရီးစဉ်အတွက် ရဟတ်ယာဉ်၊ ကျိုင်းတုံမှ အပြန်ခရီးစဉ်အတွက် တပ်မတော်လေယာဉ် စီစဉ်ပေးကာ နေရေးထိုင်ရေးကအစ အဘဦးညွှန့်ဆွေနှင့် အဖွဲ့အတွက် လိုလေသေးမရှိ လမ်းညွှန်စီစဉ်ပေးခဲ့ပါသည်။ အဘနှင့်အမေကလည်း ဗိုလ်ချုပ်မှူးကြီးကို ကျေးဇူးအထူးတင်ခဲ့ပါ၏။

အကယ်၍များ ပဉ္စမအကြိမ်မြောက်အဖြစ် မော်ဖဒေသ(မက်မန်း) သို့ သွားဦးမလားဟု မေးလာခဲ့သော် ကျွန်တော့်အဖြေက တစ်မျိုးတည်းသာ ရှိပါလိမ့်မည်။ ဟုတ်ကဲ့…သွားခွင့်ကြုံလျှင် ကျွန်တော် ထပ်၍ သွားပါဦးမည်ဟူ၍…။ ။

*(ဆက်ပါဦးမည်)*



**အဘဦးညွှန့်ဆွေနှင့် ဗိုလ်မှူးကြီးတင်ဝင်းတို့က တိုက်ပွဲအတွေ့အကြုံများ ပြန်ပြောင်းပြောပြစဉ်။**

# မသန်စွမ်းသူများ အစွမ်းပြနိုင်ရေး ဝိုင်းဝန်းကူညီပေး

နန်းရွှေကြည်

**လူ၏ ခန္ဓာကိုယ်သည် ကိုယ်အင်္ဂါအစိတ်အပိုင်းများအပေါ် တည်မှီ၍ လှုပ်ရှားရပေသည်။ လူတို့၏ ခန္ဓာကိုယ် အစိတ်အပိုင်းတစ်ခု ချို့ယွင်းပါက ခန္ဓာကိုယ်တွင် စွမ်းအားလျော့သွားတတ်သည်။ ဤသို့ အမြင်၊ အကြား၊ အပြောအဆို၊ အသွားအလာ လှုပ်ရှားမှုတစ်ခုခု အားနည်းသွားလျှင် ရုပ်ပိုင်းထိခိုက်မှုမှသည် စိတ်ပိုင်းစိုးရိမ်စိတ်နှင့်အတူ မိမိကိုယ်ကို လူစဉ်မမီတော့ဟု အတွေးများစွာ စိတ်ဓာတ်ကျဆင်းလာတတ်သည်။ ထိုအချိန်တွင် မိသားစုနှင့် လူ့အသိုင်းအဝိုင်း၏ အားပေးကူညီမှုသည် မသန်သူများ အစွမ်းထက်လာစေနိုင်ပါသည်။**

ကမ္ဘာ့ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် (ယူအင်န်ဒီပီ) သည် မသန်စွမ်းသူများကို ကူညီစောင့်ရှောက်ပေးနိုင်ရန် ၁၉၈၁ ခုနှစ်ကို အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနှစ်အဖြစ် သတ်မှတ်ခဲ့သည်။ ကမ္ဘာပေါ်ရှိ လူသားများအနက် မသန်စွမ်းသူများကို စာနာထောက်ထားရေး၊ စိတ်ဓာတ်မြှင့်တင်ရေး၊ ဂုဏ်သိက္ခာမြှင့်တင်ပေးရေးဟူသော ရည်ရွယ်ချက်ဖြင့် ၁၉၉၃ ခုနှစ် (၄၈) ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံကြီးက ဆုံးဖြတ်ချက်ချမှတ်ကာ နှစ်စဉ် ဒီဇင်ဘာလ ၃ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ဟု အထိမ်းအမှတ်ပြုခဲ့သည်။ ကုလသမဂ္ဂက ဦးဆောင်ကာ မသန်စွမ်းသူများ လူမှုအဖွဲ့အစည်းတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တန်းတူညီမျှရေးတို့ကို မြှင့်တင်ပေးခဲ့သည်။

**တတ်အားသမျှ ကူညီဖေးမစောင့်ရှောက်**

မြန်မာနိုင်ငံအနေဖြင့် ၁၉၉၄ ခုနှစ်မှစ၍ အစဉ်အလာမပျက် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အခမ်းအနားကို (၂၉) ကြိမ် ကျင်းပဆောင်ရွက်နိုင်ခဲ့ပါသည်။ မသန်စွမ်းသူများအတွက် ကမ္ဘာ့အဖွဲ့အစည်းများက အရေးထားဆောင်ရွက်သကဲ့သို့ မြန်မာ့လူမှုအဖွဲ့အစည်းတွင်လည်း ယဉ်ကျေးမှု ဓလေ့စရိုက်နှင့်အညီ လိုက်လိုက်လဲလဲ ဖေးမကူညီ ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံသည် နှစ်ပေါင်းထောင်ချီ၍ သစ္စာ၊ မေတ္တာ၊ ဂရုဏာ၊ မုဒိတာဟူသော ဗြဟ္မာစိုရ် တရားလေးပါး ထွန်းကားသည့် နိုင်ငံဖြစ်သည်။ မြန်မာ့ဓလေ့ထုံးတမ်းအရပင် မသန်စွမ်းသူများကို ဝိုင်းဝန်းစောင့်ရှောက်၊ ကြင်နာ၊ အရေးပေးလေ့ရှိကြသည်။ မိဘ၊ ဆွေမျိုး၊ ရပ်ရွာ၊ ဘုန်းတော်ကြီးကျောင်း၊ သီလရှင်ကျောင်း၊ ခိုကိုးရာရိပ်သာစခန်းများတွင် တတ်အားသမျှ ကူညီဖေးမစောင့်ရှောက်တတ်ကြသည်။

မြန်မာနိုင်ငံသည် မည်သည့်အဖွဲ့အစည်း၏ နှိုးဆော်တိုက်တွန်းမှု မရှိမီကတည်းက မသန်စွမ်းသူများကို စောင့်ရှောက်ခဲ့သော နိုင်ငံဖြစ်သည်။ ၁၉၁၄ ခုနှစ်တွင် ကြည့်မြင်တိုင် မျက်မမြင်ကျောင်း၊ ၁၉၂၃ ခုနှစ်တွင် ရန်ကုန်မြို့၌ ဆွံ့အနားမကြားကျောင်း၊ ၁၉၃၉ ခုနှစ်တွင် ပခုက္ကူ မျက်မမြင်ကျောင်း၊ ၁၉၆၂ ခုနှစ်တွင် မန္တလေး ဆွံ့အနားမကြားကျောင်းတို့ကို တည်ထောင်၍ မသန်စွမ်းသူ စောင့်ရှောက်ရေးလုပ်ငန်းကို ဆောင်ရွက်ခဲ့သည်။

**ပညာရပ်မျိုးစုံကို သင်ကြား**

မြန်မာတို့သည် မိမိတို့မိသားစု၌ မသန်စွမ်းသူတစ်ဦးပါလာပါက မိဘဆွေမျိုးတို့က သန်စွမ်းသူများထက် အလေးထား ဂရုစိုက်ကြင်နာတတ်ကြရာ မိသားစုရင်ခွင်၌ပင် မတောင့်မတ နေနိုင်ခဲ့ကြသည်။ ထို့ကြောင့် ကျောင်းနေ ဦးရေမှာ ရှိရင်းဦးရေထက်များစွာ လျော့နည်းခဲ့သည်။ ယခုအခါ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ဦးဆောင်မှုကြောင့် မသန်စွမ်းသူများ ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ပို့ဆောင် ပညာယူစေကြပြီဖြစ်သည်။ ဆေးဝါးကုသမှု၊ စာပေပညာ၊ အသက်မွေးဝမ်းကျောင်းပညာ၊ အနုပညာစသော ပညာရပ်မျိုးစုံကို သင်ကြားနေကြပြီဖြစ်သည်။

ကမ္ဘာတစ်ဝန်းလုံးဆိုင်ရာ ကုသိုလ်ဖြစ်အဖွဲ့အစည်းတစ်ရပ်ဖြစ်သော နိုင်ငံတကာ ပြန်လည်ပြုစုပျိုးထောင်ရေးအသင်း (RI) က ယနေ့ကမ္ဘာပေါ်တွင် မသန်စွမ်းသူပေါင်း သန်းပေါင်း ၆၀၀ ကျော်ရှိနေကြောင်း ထုတ်ပြန်ဖော်ပြထားသည်။ သို့ဖြစ်ရာ မျက်မှောက်ကမ္ဘာတွင် လူဦးရေ၏ ၁၀ ရာခိုင်နှုန်းသည် မသန်စွမ်းသူများ၊ ရှောင်တခင် မတော်တဆမှုကြောင့် မသန်စွမ်းသူများ၊ စစ်မြေပြင်မှ ဒဏ်ရာရ၍ မသန်စွမ်းသူများ စသဖြင့်အရေအတွက် တိုးပွားလာရာ ထိုအရေအတွက်ကို တားဆီးနိုင်ရေးအတွက် အလျင်အမြန် ဆောင်ရွက်ကြရန် နိုင်ငံတကာအစိုးရအဖွဲ့အစည်းများသို့ အာရုံအိုင်က တိုက်တွန်းနှိုးဆော်ထားပါသည်။ ကမ္ဘာတွင် နည်းပညာမဖွံ့ဖြိုးစဉ်က မသန်စွမ်းသူများသည် ချို့ယွင်းသော ခန္ဓာကိုယ် အစားကောင်းသော ကိုယ်အင်္ဂါကို အစားထိုး၍ လောကကို ရင်ဆိုင်ကြရသည်။ တဖြည်းဖြည်း နည်းပညာများ တိုးတက်လာသောအခါ ခေတ်မီနည်းများဖြင့် မသန်သူများ စွမ်းလာစေရန် အခွင့်အလမ်းများ ပေါ်ထွန်းလာပါသည်။

မြန်မာနိုင်ငံတွင် မျက်မမြင် မသန်စွမ်းသူများအား လက်စမ်းစာ၊ နားမကြား မသန်စွမ်းသူများအား သင်္ကေတစကား စသည်တို့ကို အခြေခံပညာနှင့် အဆင့်မြင့်ပညာအထိ သင်ကြားပေးလျက်ရှိသည်။ ပညာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ခရစ်ယာန် မျက်မမြင် မိတ်သဟာရအသင်းတို့ ပူးပေါင်း၍ ရန်ကုန်မျက်မမြင်ကျောင်းတွင် ရောယှက်ပညာရေးအစီအစဉ်ကို ၁၉၉၆ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့သည်။ မျက်မမြင် နားမကြားသူများအတွက် ပညာသင်ကြားမှု အထောက်အကူပြုစနစ်များ ဆောင်ရွက်လျက်ရှိသည်။ မျက်မမြင်ကျောင်းများတွင် နိုင်ငံတကာအဆင့်မီ ကွန်ပျူတာပညာ သင်ကြားပေးနိုင်သည်အထိ တိုးတက်အောင်မြင်လျက်ရှိသည်။ သို့ဖြစ်ရာ မျက်စိမှာအဆုံး၊ နားမှာအရှုံးဟူသော ဆိုစကားကို တိုက်ထုတ်ပစ်လိုက်နိုင်ပြီဖြစ်သည်။ ကိုယ်အင်္ဂါ အစိတ်အပိုင်း တစ်ခုခု ဆုံးရှုံးသော်လည်း စွမ်းအင်မဆုံးရှုံးဟု လက်တွေ့ပြနိုင်ကြပြီဖြစ်သည်။

**○ မြန်မာနိုင်ငံသည် မည်သည့်အဖွဲ့အစည်း၏ နှိုးဆော်တိုက်တွန်းမှု မရှိမီကတည်းက မသန်စွမ်းသူများကို စောင့်ရှောက်ခဲ့သော နိုင်ငံဖြစ်**

**○ ၁၉၁၄ ခုနှစ်တွင် ကြည့်မြင်တိုင် မျက်မမြင်ကျောင်း၊ ၁၉၂၃ ခုနှစ်တွင် ရန်ကုန်မြို့၌ ဆွံ့အနားမကြားကျောင်း၊ ၁၉၃၉ ခုနှစ်တွင် ပခုက္ကူမျက်မမြင်ကျောင်း၊ ၁၉၆၂ ခုနှစ်တွင် မန္တလေးဆွံ့အနားမကြားကျောင်းတို့ကို တည်ထောင်၍ မသန်စွမ်းသူ စောင့်ရှောက်ရေးလုပ်ငန်းကို ဆောင်ရွက်ခဲ့**

**အာဆီယံမသန်စွမ်းသူများအားကစားပြိုင်ပွဲများတွင် မြန်မာနိုင်ငံ၏ ဂုဏ်ကိုဆောင်ခဲ့ကြ**

မြန်မာနိုင်ငံတွင် မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်ကို ဖွဲ့စည်းထားရှိပြီး နိုင်ငံ့ဂုဏ်ဆောင် ထူးချွန်သော အားကစားသမားများကို မွေးထုတ်ပေးလျက်ရှိသည်။ ၂၀၀၁ ခုနှစ် အောက်တိုဘာလတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပသော ပထမအကြိမ် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲမှစ၍ နှစ်စဉ်အားကစားပြိုင်ပွဲများသို့ မြန်မာနိုင်ငံမှ အားကစားအဖွဲ့ကို စေလွှတ်ပေးခဲ့သည်။ မြန်မာ မသန်စွမ်းအားကစားအဖွဲ့သည် ရွှေ၊ ငွေ၊ ကြေး တံဆိပ်များစွာဆွတ်ခူး၍ အာဆီယံ မသန်စွမ်းသူများ အားကစားပြိုင်ပွဲများတွင် မြန်မာနိုင်ငံ၏ ဂုဏ်ကို ဆောင်ခဲ့ကြသည်။

မြန်မာနိုင်ငံတွင် အမျိုးသားကျန်းမာရေး ကော်မတီက ဦးဆောင်၍ အာဟာရချို့တဲ့မှုကြောင့် လူစဉ်မမီ မသန်စွမ်းကလေးငယ်များ မပေါ်ပေါက်ရေး၊ ပိုလီယိုရောဂါကြောင့် မသန်စွမ်းသူများ မပေါ်ပေါက်ရေးနှင့် အိုင်အိုဒင်းဓာတ် ချို့တဲ့သော မိခင်မှ မွေးဖွားသဖြင့် ဉာဏ်ရည် နိမ့်ကျသော ကလေးငယ်များ မပေါ်ပေါက်ရေးအတွက် အမျိုးသားကျန်းမာရေး စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိပေသည်။

ပိုလီယိုရောဂါကြောင့် မသန်စွမ်းကလေးငယ်များ မပေါ်ပေါက်ရေးအတွက် အမျိုးသားလှုပ်ရှားမှုအသွင်ဖြင့် အမျိုးသားကာကွယ်ရေး ဆေးတိုက်နေ့များ သတ်မှတ်ကာ ဆောင်ရွက်လျက်ရှိပါသည်။ မကြာမီ မြန်မာနိုင်ငံတွင် ပိုလီယိုရောဂါနှင့် ထိုရောဂါကြောင့် မသန်စွမ်းသော ကလေးငယ်များ ပပျောက်တော့မည်ဖြစ်သည်။

ရှေးအခါက ကလေးများ အိမ်မွေးကြက်ငယ်များကို ကိုင်လျှင် ကြက်မျက်သင့်သည်ဟု ယူဆကြသည်။ ယင်းမှာ ကျန်းမာရေးအမြင် နိမ့်ကျမှုဖြစ်သည်။ အဓိကမှာ ရင်သွေးငယ်များကို ငယ်စဉ်ကပင် ဗီတာမင်အေဓာတ် မချို့တဲ့စေရန် ဗီတာမင်အေပါဝင်သော အစားအစာများ ကျွေးမွေးခြင်းဖြင့် ကြက်မျက်သင့်ရောဂါကို ကာကွယ်နိုင်သည်။ ယနေ့ ထိုရောဂါ လုံးဝပပျောက်သွားခြင်းမှာ ရင်သွေးငယ်များ အာဟာရချို့တဲ့မှု မရှိစေရေး ပညာပေးခြင်းနှင့် အခြေခံပညာကျောင်းများတွင် အာဟာရဒါန ပေးလှူခြင်းတို့သည်လည်း အကြောင်းတစ်ခုအဖြစ် ပါဝင်ပါသည်။ ထိုသို့မဖြစ်မီက ကြိုတင်ကာကွယ်ခြင်းသည် လိုအပ်သော တာဝန်တစ်ရပ်ဖြစ်သကဲ့သို့ ဘဝကံအကြောင်းမလှ၍ မသန်စွမ်းဖြစ်ကြရသူများကိုလည်း အားပေးဖေးမ စောင့်ရှောက်ရန်မှာ လိုအပ်သော တာဝန်တစ်ရပ်ဖြစ်ပါသည်။

**စွမ်းရည်ပြိုင်ပွဲများ ခမ်းနားစွာ ကျင်းပပေး**

အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ၌ နှစ်စဉ်ပြိုင်ပွဲများ ကျင်းပပေးလျက်ရှိသည်။ မျက်မမြင်သူများ ကြိမ်ထိုးပြိုင်ပွဲ၊ အဆိုပြိုင်ပွဲ၊ နားမကြားသူများ စက်ချုပ်ပြိုင်ပွဲ၊ အကပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ သက်ကြီးမသန်စွမ်းသူများ ဓာတ်ပုံပြိုင်ပွဲ၊ ပိုးဇာပုံနှိပ်ပြိုင်ပွဲ၊ စက်ချုပ်ပြိုင်ပွဲ၊ အပြေးပြိုင်ပွဲ စသည်တို့ကို ကျင်းပပေးခဲ့သည်။ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ကိုရောက်တိုင်း မသန်စွမ်းသူများ စိတ်ဓာတ်မြင့်မားရေးကို ရည်ရွယ်၍ စွမ်းရည်ပြိုင်ပွဲများကို ခမ်းနားစွာ ကျင်းပပေးခြင်းဖြစ်သည်။

မသန်စွမ်းသူများသည်လည်း နိုင်ငံသူ နိုင်ငံသားများသာဖြစ်သည်။ နိုင်ငံတော် တည်ဆောက်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ပါဝင်ထမ်းဆောင်ကြရမည့် တာဝန်သည် နိုင်ငံသားတိုင်း၌ရှိပါသည်။ သို့ဖြစ်ရာ မသန်စွမ်းဟု ညှိုးနွမ်းမနေဘဲ တက်ကြွစွာ ပါဝင်ဆောင်ရွက်ခြင်းဖြင့် အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးဆီသို့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး စည်းလုံးညီညွတ်စွာ ချီတက်ရာတွင် မိမိတို့၏ စွမ်းအားများကို ပူးပေါင်းကြရမည်ဖြစ်သည်။ ထိုသို့ ပူးပေါင်းပါဝင်လာနိုင်စေရန်လည်း နိုင်ငံတော်နှင့် ပြည်သူအများက လက်တွဲခေါ်ယူ ဖေးမကူ အားပေးကြရမည်ဖြစ်သည်။ မသန်စွမ်း၊ အံ့မခန်း၊ လူ့စွမ်းပြရမည်ဟူသော ဆောင်ပုဒ်နှင့်အညီ မသန်စွမ်းသူများအားလုံး လူ့စွမ်းပြကြပါ။ မသန်စွမ်းသူများ အစွမ်းပြနိုင်ရေးအတွက် ဝိုင်းဝန်းကူညီပံ့ပိုးကြပါဟု တိုက်တွန်းလိုက်ရပါသည်။

**❑ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ၌ နှစ်စဉ်ပြိုင်ပွဲများ ကျင်းပပေးလျက်ရှိ**

**❑ မျက်မမြင်သူများ ကြိမ်ထိုးပြိုင်ပွဲ၊ အဆိုပြိုင်ပွဲ၊ နားမကြားသူများ စက်ချုပ်ပြိုင်ပွဲ၊ အကပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ သက်ကြီးမသန်စွမ်းသူများ ဓာတ်ပုံပြိုင်ပွဲ၊ ပိုးဇာပုံနှိပ်ပြိုင်ပွဲ၊ စက်ချုပ်ပြိုင်ပွဲ၊ အပြေးပြိုင်ပွဲ စသည်တို့ကို ကျင်းပပေး**

**❑ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ကိုရောက်တိုင်း မသန်စွမ်းသူများ စိတ်ဓာတ်မြင့်မားရေးကိုရည်ရွယ်၍ စွမ်းရည်ပြိုင်ပွဲများကို ခမ်းနားစွာကျင်းပပေးခြင်းဖြစ်**

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ပဲခူးမြစ်ကူးတံတား (သန်လျင်တံတားအမှတ် - ၃) တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၃၀**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ မြို့တော်ဝန် ဦးဗိုလ်ဌေးတို့နှင့်အတူ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်နှင့် သန်လျင်မြို့နယ်တို့ကို ဆက်သွယ်မည့် ပဲခူးမြစ်ကူးတံတား (သန်လျင်တံတားအမှတ် - ၃) တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကွင်းဆင်း ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**



ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် သာကေတဘက်ခြမ်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တံတားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ကောင်းချိုက လုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြပြီး လမ်းဦးစီးဌာနနှင့် တံတားဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များက ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက စီမံကိန်းတစ်ခုအနေဖြင့် အပြီးသတ်ဆောင်ရွက်ရသည့် အပိုင်းသည် အလွန်အရေးကြီးသဖြင့် တံတားချိတ်ဆက်ဆောင်ရွက်သည့် လုပ်ငန်းစဉ်များ ဆောင်ရွက်ရာ၌ ဒီဇိုင်းသတ်မှတ်ရေးဆွဲထားသည့် စံချိန်စံညွှန်း သတ်မှတ်ချက်များအတိုင်း တိကျစွာဆောင်ရွက်ရန်၊ သတ်မှတ်အချိန်အတွင်း ပြီးစီးစေရေး အလေးထား ဆောင်ရွက်ရန်နှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး ဦးစားပေးဆောင်ရွက်ရန်မှာကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် မြို့တော်ဝန်တို့က မူလတံတား အဟောင်းနှင့် တံတားအသစ်တို့၏ အတက်/အဆင်းနှင့် ပတ်ဝန်းကျင်တစ်လျှောက် ဆက်စပ်သည့် လမ်းကြောင်းများတွင် ယာဉ်ကြောသွားလာမှု စနစ်တကျဖြစ်စေရေး၊ မြို့တော်အင်္ဂါရပ်နှင့် ကိုက်ညီအောင် ဆောင်ရွက်ရန် အချက်တို့ကို ဖြည့်စွက်ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် လုပ်ငန်းခွင်သို့ သွားရောက်ပြီး တံတားချဉ်းကပ်လမ်းနှင့် နိုင်လွန်ကတ္တရာခင်းခြင်း ဆောင်ရွက်နေမှု၊ Cable Stay Main Tower အမှတ် (၁) ( P–11) နှင့် အမှတ် (၂) (P–12) တို့ရှိ လုပ်ငန်းများ ဆောင်ရွက်နေမှု၊ လွန်းထိုးခြင်း (Lauching) နည်းပညာကို အသုံးပြု၍ PC Box Girder များ တပ်ဆင်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ရေလမ်းကြောင်းအန္တရာယ် ကင်းရှင်းရေးအတွက် သတိပေးအချက်ပြများ၊ လမ်းညွှန်အမှတ်အသားများ ထားရှိရန် တာဝန်ရှိသူများကို မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် သန်လျင်ဘက်ခြမ်း တံတားချဉ်းကပ်လမ်းနှင့်နိုင်လွန်ကတ္တရာခင်းခြင်း ဆောင်ရွက်နေသည့် အခြေအနေ၊ ပတ်ဝန်းကျင်ရှိလမ်းများနှင့် ချိတ်ဆက်ရာတွင် အဆင်ပြေချောမွေ့မှုရှိစေရေး ဆောင်ရွက်နေသည့် အခြေအနေများကိုကြည့်ရှုစစ်ဆေး၍ လုပ်ငန်းအရည်အသွေး ပြည့်မီစေရေး အရည်အသွေးစစ်ဆေးသည့် (QC) လုပ်ငန်းစဉ်များကို သတ်မှတ်ချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် တာဝန်ရှိသူများကို မှာကြားသည်။

ပဲခူးမြစ်ကူးတံတား (သန်လျင်တံတားအမှတ်–၃) တည်ဆောက်ပြီးစီးသွားပါက ရန်ကုန်မှ သန်လျင်သို့ အချိန်တိုအတွင်း အလွယ်တကူ ဆက်သွယ်သွားလာနိုင်ပြီး လက်ရှိကြုံတွေ့နေရသည့် ယာဉ်ကြောပိတ်ဆို့မှုများ လျော့နည်းသက်သာလာမည်ဖြစ်သည်။ ပဲခူးမြစ်ကူးတံတား (သန်လျင်တံတားအမှတ် – ၃) တည်ဆောက်ခြင်းလုပ်ငန်းအနေဖြင့် အဓိကပင်မတံတားတည်ဆောက်ခြင်းများ ပြီးစီးပြီဖြစ်၍ လက်စသတ်လုပ်ငန်းများနှင့် ဆက်စပ်လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိရာ ၂၀၂၄ ခုနှစ်အတွင်း လုပ်ငန်းအားလုံးပြီးစီးစေရေး လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ “အာဆီယံပေါင်းစည်းမှုဆိုင်ရာ မဟာစီမံကိန်း ၂၀၂၅ နှင့် တရုတ်နိုင်ငံရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းတို့အကြား ဒေသတွင်းပို့ဆောင်ဆက်သွယ်မှုတိုးတက်ရေးနှင့် သာယာဝပြောမှုမျှဝေရေးဖိုရမ်” တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၃၀**


အာဆီယံ–တရုတ် စင်တာမှ ကြီးမှူး၍ “အာဆီယံပေါင်းစည်းမှုဆိုင်ရာ မဟာစီမံကိန်း ၂၀၂၅ နှင့် တရုတ်နိုင်ငံရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းတို့အကြား ဒေသတွင်းပို့ဆောင်ဆက်သွယ်မှု တိုးတက်ရေးနှင့် သာယာဝပြောမှုမျှဝေရေးဖိုရမ်”အစီအစဉ်ကို လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ၊ ဗီယင်ကျန်းမြို့နှင့် လွှန်ပရာဘန်မြို့တို့၌ နိုဝင်ဘာ ၂၆ ရက်မှ ၂၉ ရက်အထိကျင်းပခဲ့ရာ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်တင်အေးဟန်နှင့် ဝန်ကြီးဌာနမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စု ဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၂၆ ရက်တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ဗီယင်ကျန်းမြို့ရှိ ခရီးသွားဆွဲဆောင်ရာ နေရာများဖြစ်သော ပသူလွှန်းဘုရား၊ မြဘုရားထားရှိခဲ့သည့် ကျောင်းတော်ဟောင်း၊ ဗီယင်ကျန်းဖွံ့ဖြိုးရေးဇုန်တို့သို့ သွားရောက်လေ့လာကြပြီး ညနေပိုင်းတွင် ကြိုဆိုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

နိုဝင်ဘာ ၂၇ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗီယင်ကျန်းမြို့ရှိ ဒုန်ချန်ပဲလေ့စ်ဟိုတယ်၌ ကျင်းပသည့် “အာဆီယံပေါင်းစည်းမှုဆိုင်ရာ မဟာစီမံကိန်း ၂၀၂၅ နှင့် တရုတ်နိုင်ငံရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းတို့အကြား ဒေသတွင်းပို့ဆောင်ဆက်သွယ်မှု တိုးတက်ရေးနှင့်သာယာဝပြောမှုမျှဝေရေးဖိုရမ်” သို့ တက်ရောက်သည်။

ဖိုရမ်တွင် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် လာအိုနိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး၊ တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံညီလာခံအမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌတို့က အဖွင့်အမှာစကားများ ပြောကြားကြသည်။

ပြည်ထောင်စု ဝန်ကြီး ဒေါက်တာသက်သက်ခိုင်က အဖွင့်အမှာစကား ပြောကြားရာတွင် ယခုဖိုရမ် ကျင်းပပြုလုပ်ရခြင်းသည် တရုတ် – အာဆီယံနိုင်ငံများအကြား ရုပ်ပိုင်းဆိုင်ရာ၊ အဖွဲ့အစည်းဆိုင်ရာနှင့် လူသားအချင်းချင်း ဆက်သွယ်မှု၊ ပေါင်းစည်းမှုအားလုံးကို ခိုင်မာစေရန် ရည်ရွယ်ပါကြောင်း၊ အာဆီယံပေါင်းစည်းမှုဆိုင်ရာ မဟာစီမံကိန်း ၂၀၂၅ အနေဖြင့် အာဆီယံနိုင်ငံများအကြား စဉ်ဆက်မပြတ် ရေရှည်တည်တံ့သည့် အခြေခံအဆောက်အဦများ ဖြစ်ပေါ်လာရေး၊ ဒစ်ဂျစ်တယ်နည်းပညာနှင့် တီထွင်ကြံဆမှုများ တိုးတက်လာရေးနှင့် ပို့ဆောင်ဆက်သွယ်မှု လွယ်ကူစေရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသတွင်း နိုင်ငံသားများအချင်းချင်း ဆက်သွယ်ပေါင်းစည်းခြင်းတို့ကို မြှင့်တင်ဆောင်ရွက်သွားရန်ဖြစ်ပြီး တရုတ်နိုင်ငံရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းအနေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများကို တိုးတက်လာစေပါကြောင်း။



အာဆီယံပေါင်းစည်းမှုဆိုင်ရာ မဟာစီမံကိန်း ၂၀၂၅ လုပ်ငန်းစဉ်များတွင် မြန်မာ–လာအို စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ခြင်း၊ မြန်မာနိုင်ငံအတွင်း မီးရထားလမ်းနှင့် အမြန်လမ်းမကြီးများ တည်ဆောက်ခြင်း စသည့်လုပ်ငန်းစဉ်များလည်း ပါဝင်ပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အနေဖြင့် အာဆီယံနိုင်ငံများ၏ အခြေခံအဆောက်အဦဆိုင်ရာ စီမံချက်များ၊ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းခြင်းများနှင့် လူ့စွမ်းအားအရင်းအမြစ် တိုးတက်စေရေးကဏ္ဍများတွင် ပူးပေါင်းကူညီပေးစေ လိုပါကြောင်း၊ ပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် ငြိမ်းချမ်းသာယာမှု၊ အားလုံးပါဝင်မှု၊ တန်းတူညီမျှမှု၊ အပြန်အလှန်သင်ယူမှုနှင့် အပြန်အလှန် အကျိုးရှိမှုတို့ကို ဖြစ်ပေါ်လာနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အာဆီယံစီးပွားရေး အသိုက်အဝန်းဆိုင်ရာ အာဆီယံ ဒုတိယအထွေထွေ အတွင်းရေးမှူးချုပ်၊ အာဆီယံ–တရုတ်ဗဟိုဌာန အထွေထွေအတွင်းရေးမှူးချုပ်တို့က အမှာစကားများ ပြောကြားကြသည်။

ယင်းနောက် မြန်မာကိုယ်စားလှယ် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက အာဆီယံ–တရုတ် ဆက်သွယ်ပေါင်းစည်းမှု လုပ်ငန်းစဉ်များနှင့် အောင်မြင်မှုများအပေါ် ရှင်းလင်းပြောကြားရာတွင် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ စာရင်းများအရ မဟာစီမံကိန်း ၂၀၂၅ ပါမဟာဗျူဟာ လုပ်ငန်းစဉ်ငါးခုအောက်ရှိ နယ်ပယ် ၁၅ ခု၊ ရာခိုင်နှုန်းအားဖြင့် စီမံကိန်း၏ ၇၃ ဒသမ ၄၂ ရာခိုင်နှုန်းကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံ–တရုတ် ပို့ဆောင်ဆက်သွယ်မှု တိုးတက်ရေး၊ နည်းပညာပူးပေါင်းဆောင်ရွက်ရေး၊ ဒစ်ဂျစ်တယ်လုပ်ငန်းစီမံချက် ၂၀၂၃ အစရှိသည်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ၂၀၂၄ ခုနှစ်သည် အာဆီယံ–တရုတ် ဒေသတွင်းနိုင်ငံသားအချင်းချင်း အပြန်အလှန်ကူးလူးသွားလာ ဆောင်ရွက်မည့်နှစ်အဖြစ် သတ်မှတ်ထားပါကြောင်း၊ ယနေ့ကျင်းပပြုလုပ်သည့်ဖိုရမ်က အာဆီယံ–တရုတ် ပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်နိုင်ပြီး အာဆီယံပေါင်းစည်းမှုဆိုင်ရာ မဟာစီမံကိန်း ၂၀၂၅ နှင့် တရုတ်နိုင်ငံရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းတို့အကြား ချိတ်ဆက်ဆောင်ရွက်မှုများကို ပိုမိုတိုးတက်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ယင်းနောက် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတ နိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ သံမှူးကြီး ဒေါ်နန်းဖြူစင်သန်းမြင့်က အနာဂတ်ကာလတွင် ကြုံတွေ့ရမည့် အခွင့်အလမ်းနှင့် စိန်ခေါ်မှုများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်က မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုကဏ္ဍဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ပြည်ထောင်စု ဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ၂၈ ရက်တွင် လွှန်ပရာဘန်မြို့ရှိ ရှင်းသုန်ဘုရားကျောင်းနှင့် ဘုရင့်နန်းတော်ပြတိုက်တို့သို့သွားရောက်လေ့လာခဲ့ကြသည်။

ပြည်ထောင်စု ဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၂၉ ရက် မွန်းလွဲပိုင်းတွင် လွှန်ပရာဘန်မြို့မှ ပြန်လည်ထွက်ခွာခဲ့ရာ ရန်ကုန်မြို့သို့ ညနေပိုင်းတွင် ရောက်ရှိခဲ့သည်။

အဆိုပါ ဖိုရမ်ကို အာဆီယံ ပို့ဆောင်ဆက်သွယ်မှု မဟာစီမံကိန်း ၂၀၂၅ (Master Plan on ASEAN Connectivity – MPAC 2025) နှင့် Belt and Road Initiative (BRI) တို့ အကြား ပိုမိုကောင်းမွန်သော ချိန်ညှိမှုရရှိစေရန်နှင့် ကိုဗစ်–၁၉ ကာလအလွန် ဒေသတွင်း ချိတ်ဆက်ဆောင်ရွက်မှုကို တစ်သမတ်တည်း အဆင့်မြှင့်တင်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပြီး ဖိုရမ်သို့ အာဆီယံ – တရုတ် ဗဟိုဌာနမှ အထွေထွေအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ခရီးသွားလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကဏ္ဍမှအကြီးအကဲများ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်နိုင်ငံနှင့် တရုတ်နိုင်ငံတို့မှ လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေအနုပညာပွဲတော်ကျင်းပရေး လုပ်ငန်းကော်မတီညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၃၀**

လူငယ်များ၏ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးတို့အတွက် ရည်ရွယ်ပြီး (၇၆)ကြိမ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လူငယ်နှင့်စာပေအနုပညာပွဲတော်ကိုနေပြည်တော်ရှိဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ဒီဇင်ဘာ ၂၀ ရက်မှ ၂၂ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ ပွဲတော်ကျင်းပရေးလုပ်ငန်းကော်မတီညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ လူငယ်နှင့်စာပေအနုပညာပွဲတော် ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ လုပ်ငန်းကော်မတီအဖွဲ့ဝင် နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ လုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ ဆပ်ကော်မတီဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ညှိနှိုင်းဆွေးနွေး**

ရှေးဦးစွာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးရဲတင့်က လူငယ်နှင့်စာပေအနုပညာပွဲတော်ကျင်းပမည့်ရက် နီးကပ်လာပြီဖြစ်၍ ယနေ့အစည်းအဝေးတွင် ကဏ္ဍအလိုက် တက်ရောက်လာကြသူများက ဆောင်ရွက်လိုသည့် အစီအစဉ်များ၊ အစီအမံများကို ဆွေးနွေးတင်ပြစေလိုပါကြောင်း၊ ဖျော်ဖြေရေးအစီအစဉ်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ခေတ်ပေါ်တေးဂီတအဖွဲ့၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များနှင့် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး မြဝတီတေးဂီတအဖွဲ့တို့က လေ့ကျင့်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ ပြခန်းပြသမည့်ဝန်ကြီးဌာန ၁၃ ခုကလည်း ပြခန်းများ ပြသရန် နေရာများစီစဉ်ထားရှိပြီဖြစ်၍ ဒီဇင်ဘာ ၁၂ ရက်မှ စတင်၍ ပြင်ဆင်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း၊ ပွဲတော်အောင်မြင်စွာ ကျင်းပသွားနိုင်ရေးအတွက် ညီညီညွတ်ညွတ်ဖြင့် လိုအပ်ချက်များကို ညှိနှိုင်းဆွေးနွေးကြပြီး ပူးပေါင်းဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးက ပွဲတော်လာရောက်သည့်ပရိသတ်များကို တိုင်းရင်းသားရိုးရာ အစားအစာများ ဈေးနှုန်းသင့်တင့်စွာ ရောင်းချနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ပြီးဖြစ်ကြောင်းနှင့် ပွဲတော်စည်ကားသိုက်မြိုက်အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် လုပ်ငန်းကော်မတီအတွင်းရေးမှူးက လူငယ်နှင့်စာပေပွဲတော် ကျင်းပရေးအတွက် ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများက ပွဲတော်အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေး တင်ပြချက်များအပေါ် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးရဲတင့်၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့် အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်တို့က ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

# (၈)ကြိမ်မြောက် သတင်းမီဒီယာနှင့် သင်တန်းဆိုင်ရာလုပ်ငန်းအဖွဲ့အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ အွန်လိုင်းမှတစ်ဆင့် ပါဝင်တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၃၀**

(၈)ကြိမ်မြောက် သတင်းမီဒီယာနှင့် သင်တန်းဆိုင်ရာ လုပ်ငန်းအဖွဲ့ အစည်းအဝေး(8th ASEAN SOMRI Working Group on Information, Media and Training- 8th WG IMT)ကို အင်ဒိုနီးရှားနိုင်ငံ Novo-tel Hotel တွင် ယနေ့ နံနက်ပိုင်းက Hybrid စနစ်ဖြင့် ကျင်းပပြုလုပ်ရာ မြန်မာနိုင်ငံကိုယ်စားပြု WG-IMT ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနမှ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမြင့်ကျော် ဦးဆောင်၍ မြန်မာကိုယ်စားလှယ်များက နေပြည်တော်-တပ်ကုန်းနှင့် ရန်ကုန်ရှိ သက်ဆိုင်ရာရုံးများမှ အွန်လိုင်းမှတစ်ဆင့် ပါဝင်တက်ရောက်ဆွေးနွေးကြသည်။

အစည်းအဝေးသို့ လက်ရှိ WG-IMT ဥက္ကဋ္ဌ အင်ဒိုနီးရှားနိုင်ငံမှ တာဝန်ရှိသူများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကျင်းပပြီးစီးခဲ့သည့် အာဆီယံအစည်းအဝေးများမှ အာဆီယံသတင်းမီဒီယာနှင့် သင်တန်းကဏ္ဍဆိုင်ရာအဖွဲ့ (SOMRI WGIMT) ဆိုင်ရာ အစည်းအဝေးဆုံးဖြတ်ချက်များ၊ အာဆီယံသတင်းအချက်အလက်နှင့် မီဒီယာကဏ္ဍဆိုင်ရာ မဟာဗျူဟာလုပ်ငန်းစီမံချက် (၂၀၁၆-၂၀၂၅)၏ လုပ်ငန်းဖြစ်ပေါ်တိုးတက်မှုများ၊ အာဆီယံပေါင်းစည်းဆက်သွယ်ရေး မဟာဗျူဟာစီမံချက်(၂၀၁၈-၂၀၂၅) ၏ လက်ရှိဆောင်ရွက်နေသည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ သတင်းတု/သတင်းမှား တိုက်ဖျက်ရေးအဖွဲ့ (ASEAN Task force on Fake News) ဆိုင်ရာ လုပ်ငန်းစီမံချက်များ၊ အာဆီယံ-ဩစတြေးလျနိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာ မိတ်ဖက်ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစီမံချက်အပေါ် ဆွေးနွေးခြင်းများ ဆောင်ရွက်ကြသည်။



အစည်းအဝေးသို့ အင်ဒိုနီးရှား၊ မလေးရှား၊ ဗီယက်နမ်နိုင်ငံနှင့် အာဆီယံ အတွင်းရေးမှူးချုပ်ရုံးတို့မှ ကိုယ်စားလှယ်များက လူကိုယ်တိုင်ဖြင့် လည်းကောင်း၊ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်များက အွန်လိုင်းစနစ်ဖြင့်လည်းကောင်း ပါဝင်တက်ရောက်ကြပြီး (၉)ကြိမ်မြောက် သတင်းမီဒီယာနှင့် သင်တန်းဆိုင်ရာ လုပ်ငန်းအဖွဲ့ အစည်းအဝေး(9th ASEAN SOMRI Working Group on Information, Media and Training-9th WG IMT)အား အင်ဒိုနီးရှားနိုင်ငံက ဆက်လက် တာဝန်ယူကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပသည့် အရှေ့တောင်အာရှသတင်းမီဒီယာကောင်စီ အထူးအစည်းအဝေး တက်ရောက်

**ရန်ကုန် နိုဝင်ဘာ ၃၀**

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး) သည် အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပသည့် အရှေ့တောင်အာရှသတင်းမီဒီယာကောင်စီ (SEAPC-Net) ၏ အထူးအစည်းသို့ တက်ရောက်ရန်အတွက် ကောင်စီဝင် ဒေါက်တာဇော်သန်းနှင့်အတူ ရန်ကုန်မြို့မှ နိုဝင်ဘာ ၂၇ ရက် ညနေပိုင်းတွင် ထွက်ခွာခဲ့ပြီး နိုဝင်ဘာ ၂၈ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့သို့ရောက်ရှိကာ အင်ဒိုနီးရှား သတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ Dr. Ninik Rahayu နှင့် တွေ့ဆုံ၍ နောက်တစ်နေ့ အစည်းအဝေးအတွက် အကြိုညှိနှိုင်းဆွေးနွေးကြသည်။

နိုဝင်ဘာ ၂၉ ရက် နံနက်ပိုင်းတွင် အင်ဒိုနီးရှားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ မြန်မာနိုင်ငံတို့၏ နိုင်ငံတော်သီချင်းများကို ဖွင့်လှစ်သီဆိုခြင်းဖြင့် အခမ်းအနားဖွင့်လှစ်ကာ အစည်းအဝေး စတင်သည်။

ထို့နောက် နိုင်ငံအလိုက် ဥက္ကဋ္ဌများက မိမိတို့နိုင်ငံများအတွင်း သတင်းအတု သတင်းမှားများ ကျေပျက်အောင် ချေဖျက်ရေးအတွက် ဆောင်ရွက်ခဲ့မှုများ၊ သတင်းမီဒီယာ၏ လွတ်လပ်ခွင့်အခန်းကဏ္ဍ ပိုမိုမြှင့်တင်ရေး၊ အဖွဲ့ဝင်နိုင်ငံအချင်းချင်း စည်းလုံးညီညွတ်ရေး၊ သတင်းကိစ္စရပ်တွင်သာမကဘဲ နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုမြှင့်တင်ရေးနှင့် အဖွဲ့ဝင်နိုင်ငံများ တိုးပွားလာအောင် ပူးပေါင်းဆောင်ရွက်ရေးများကို မိမိတို့ တစ်နိုင်ငံချင်းစီ၏ သဘောထားအမြင်များဖြင့် လွတ်လပ်ပွင့်လင်းစွာ ဆွေးနွေးကြသည်။



ထို့နောက် ၂၀၂၃ မှ ၂၀၂၅ အထိ အရှေ့တောင်အာရှသတင်းမီဒီယာကောင်စီ (SEAPC-Net) ၏ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌနေရာများကို အကြိမ်ကြိမ် အထပ်ထပ် ဆွေးနွေးညှိနှိုင်း ရွေးချယ်ကြရာ ဒုတိယဥက္ကဋ္ဌအဖြစ် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး) အား ရွေးချယ်အတည်ပြုခဲ့ကြပြီး အခမ်းအနားကို ၁၇၀၀ အချိန်တွင် ရုပ်သိမ်းခဲ့သည်။ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌသည် ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မဟာမုနိရုပ်ရှင်တော်မြတ်ကြီးတွင် ဘုရားဖူးများ လိုအပ်လျှင် အသုံးပြုနိုင်ရန် ဝှီးချဲများ လှူဒါန်း

**မန္တလေး နိုဝင်ဘာ ၃၀**

မန္တလေးမြို့ချမ်းမြသာစည်မြို့နယ်ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးသို့ နေ့စဉ် လာရောက်ဖူးမြော်ကြည်ညိုကြသည့် ဘုရားဖူးလာ ပြည်တွင်းပြည်ပဧည့်သည်တော်များ၊ ပြည်သူများအနက် သက်ကြီးဝါကြီး ရဟန်းတော်များ၊ ဘိုးဘွားများ၊ ကျန်းမာရေးအရ လမ်းလျှောက်ရာ၌ အခက်အခဲရှိသူများအတွက် အသုံးပြုနိုင်ရန် ကာလတန်ဖိုး ငွေကျပ် ၅၅ သိန်းတန်ဖိုးရှိ ဝှီးချဲ ၁၀ စီးပေးအပ်လှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းက မဟာမုနိ ဘုရားကြီးပရိဝုဏ်အတွင်းရှိ မိုးကောင်းဓမ္မာရုံ၌ ကျင်းပသည်။

**ပေးအပ်လှူဒါန်း**

ရှေးဦးစွာ အလှူရှင် ရန်ကုန်မြို့နေ ဒေါက်တာ ဦးမျိုးသန့်တင်-ဒေါက်တာဒေါ်မြရီ မိသားစုကိုယ်စား မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်းက လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး ဝှီးချဲ ၁၀ စီးအား အလှူရှင်မိသားစုကိုယ်စား ပေးအပ်လှူဒါန်းရာ မဟာမုနိဘုရားကြီးဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးသန်းဦးက လက်ခံရယူပြီး သာဓုအနုမောဒနာခေါ်ဆိုကြကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် မန္တလေးမြို့တော်ဝန်သည် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ ရွှေသင်္ကန်းများဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

မောင်အေးချမ်း

## ယူအေအီးတွင်ကျင်းပသော ကုလသမဂ္ဂရာသီဥတုပြောင်းလဲရေးညီလာခံကို နိုင်ငံပေါင်း ၁၉၀ ကျော်တက်ရောက်

ဒူဘိုင်း နိုဝင်ဘာ ၃၀




နိုဝင်ဘာ ၃၀ ရက်က နိုင်ငံပေါင်း ၁၉၀ ကျော်မှ ကိုယ်စားလှယ်အဖွဲ့များသည် ယူအေအီး (အာရပ်စော်ဘွားများပြည်ထောင်စု) တွင် ကျင်းပပြုလုပ်သော ကုလသမဂ္ဂရာသီဥတုပြောင်းလဲရေးညီလာခံ (စီအိုပီ ၂၈) တွင် စုဝေးခဲ့ကြသည်။ ကုလသမဂ္ဂရာသီဥတုပြောင်းလဲရေးညီလာခံကို ဒီဇင်ဘာ ၁၂ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

ဒူဘိုင်းစီအိုပီ ၂၈ ညီလာခံက နိုင်ငံပေါင်း ၁၉၀ ကျော်မှ ကိုယ်စားလှယ်များအတွက် ရာသီဥတုအကျပ်အတည်းအပေါ် ကမ္ဘာ့အသိုက်အဝန်းအရေးတယူ တုံ့ပြန်ဆောင်ရွက်ခဲ့သည့် တိုးတက်မှုဖြစ်စဉ်များကို ချင့်ချိန်အကဲဖြတ်ရန် ပထမဆုံးအခွင့်အရေးကို ဖြည့်ဆည်းပေးသွားမည်ဖြစ်သည်။

မည်သည့်နိုင်ငံ သို့မဟုတ် မည်သည့်ဒေသက ပါရီသဘောတူညီချက်ကို အကောင်အထည်ဖော်ရန် မည်ရွေ့မည်မျှကျန်ရှိနေသေးသလဲဆိုသည့် အချက်ကို ရှာဖွေဖော်ထုတ်ရန် ကမ္ဘာလုံးဆိုင်ရာ ပြန်လည်သုံးသပ်ချက်ဟုခေါ်သော အဆိုပါ ချင့်ချိန်အကဲဖြတ်ခြင်းကို ငါးနှစ်လျှင်တစ်ကြိမ် ပြုလုပ်လေ့ရှိသည်။

ပါရီသဘောတူညီချက်သည် ကမ္ဘာ့ပျမ်းမျှအပူချိန်မြင့်တက်မှုကို ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုနှင့် တခြားဆောင်ရွက်ချက်များကို အရေးတယူလျှော့ချဆောင်ရွက်ခြင်းဖြင့် စက်မှုအကြိုအဆင့်သတ်မှတ်ချက်ဖြစ်သည့် ၁ ဒသမ ၅ ဒီဂရီ ဆဲလ်စီးယပ်အထိ လျှော့ချရန် ရည်ရွယ်ထားသည်။

ကမ္ဘာ့နိုင်ငံများကတိကဝတ်ပြုထားသည့် ကမ္ဘာ့ပျမ်းမျှ အပူချိန်မြင့်တက်မှု ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်အထိ လျှော့ချခြင်းသည် ရာသီဥတုပြောင်းလဲရေးရည်မှန်းချက်ကို ပြည့်ဝစွာအကောင်အထည်ဖော်ရန် မလုံလောက်သေးကြောင်း ကုလသမဂ္ဂက ပြောသည်။ လက်ရှိ ကတိပြုထားသည်ထက် ပိုမိုလုပ်ဆောင်မှသာရမည်ဖြစ်ကြောင်း ကုလသမဂ္ဂက ဆက်ပြောသည်။

အဓိကမေးခွန်းမှာ နိုင်ငံပေါင်း ၁၉၀ ကျော်မှ ကိုယ်စားလှယ်များအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ ပြန်လည်သုံးသပ်မှုကို အခြေခံလျက် ကမ္ဘာလုံးဆိုင်ရာ အပူချိန်မြင့်တက်မှုကို မည်သို့အရေးတယူတိုးမြှင့်ဆောင်ရွက်သွားမလဲဆိုသည်ပင်ဖြစ်သည်။ အဖွဲ့ဝင်နိုင်ငံများသည် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များကို တိုးမြှင့်အသုံးပြုခြင်းနှင့် ကျောက်မီးသွေးနှင့် လောင်စာဆီအသုံးပြုမှုများကို တဖြည်းဖြည်းလျှော့နည်း၊ လျှော့ချသုံးစွဲရေးအတွက် နည်းလမ်းများကို ဆွေးနွေးသွားမည်ဖြစ်သည်။

ယခင်နှစ် စီအိုပီ ၂၇ အစည်းအဝေးတွင် ရာသီဥတုဒဏ်ကို ဆိုးရွားစွာခံစားခဲ့ရသော ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ရန်ပုံငွေထောက်ပံ့ပေးနိုင်ရန် "ဆုံးရှုံးပျက်စီးမှု" ရန်ပုံငွေတစ်ရပ်ထူထောင်ရန် သဘောတူခဲ့ကြသည်။

ယခုနှစ်ဆွေးနွေးပွဲသည် ရန်ပုံငွေကိုလည်းပတ်ရန် တိကျသောနည်းလမ်းများကို သဘောတူရန်ရည်ရွယ်ထားသည်။

**အင်န်အိတ်ချ်ကေ**

## ကာဇက်စတန်၌လူနေအဆောက်အအုံ မီးလောင်မှုဖြစ်ပွားပြီး ၁၃ ဦးသေဆုံး

အက်စတာနာ နိုဝင်ဘာ ၃၀

နိုဝင်ဘာ ၃၀ ရက်တွင် ကာဇက်စတန် အယ်မတီဒေသရှိ အဆောင်မီးလောင်မှုဖြစ်ပွားခဲ့ရာ လူ ၁၃ ဦး သေဆုံးခဲ့ကြောင်း မြို့တော်အရေးပေါ်ဌာနက ကြေညာချက်တွင် ထုတ်ပြန်ကြေညာလိုက်သည်။

သုံးထပ်လူနေအဆောက်အအုံ၏ အောက်ဆုံးထပ်တွင် မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ယင်းအဆောက်အအုံ၏ ပထမထပ်နှင့် အောက်ဆုံးထပ် သို့မဟုတ် မြေညီထပ်ကို အဆောင်အဖြစ်ပြုလုပ်ထားသည်။

မီးလောင်မှုသတင်းရရချင်း အခင်းဖြစ်ပွားရာနေရာသို့ အရေးပေါ်မီးသတ်ယာဉ်များရောက်ရှိလာခဲ့သည်။ ရောက်လျှင်ရောက်ခြင်း မီးသည် မြေညီထပ်ကို ဝါးမြိုခဲ့ပြီးဖြစ်သည်ကို တွေ့ရှိခဲ့သည်။

ကနဦးသတင်းဖော်ပြချက်များအရ သေဆုံးသူများသည် ကာဗွန်မိုနောက်ဆိုဒ်အဆိပ်ဓာတ်ငွေ့များကြောင့်ဖြစ်ကြောင်း သိရသည်။ အယ်မတီပြည်သူ့ကျန်းမာရေးဌာနက လူနှစ်ဦး ဆေးရုံတင်လိုက်ရကြောင်း နောက်ပိုင်းတွင် သတင်းဖော်ပြခဲ့သည်။

မီးလောင်မှုဖြစ်ပွားချိန်တွင် အဆိုပါအဆောင်၌ လူ ၇၂ ဦး ရှိသည်။ ၅၉ ဦး မီးလောင်မှုမှ လွတ်မြောက်ခဲ့သည်။

**ဆင်ဟွာ**

## နှစ်စဉ် မတော်တဆမှုကြောင့် သီရိလင်္ကာနိုင်ငံသား တစ်သန်းခန့် ဆေးရုံတက်ရ

ကိုလံဘို နိုဝင်ဘာ ၃၀

မတော်တဆမှုများကြောင့်နှစ်စဉ်သီရိလင်္ကာနိုင်ငံသား တစ်သန်းခန့်မှာ ဆေးရုံတက်နေရကြောင်း ကျန်းမာရေးဝန်ကြီး ရာမက်ရှ်ပတ်သီရာနာက နိုဝင်ဘာ ၃၀ ရက်တွင် လွှတ်တော်သို့ပြောကြားခဲ့သည်။ မတော်တဆမှုများကြောင့် သီရိလင်္ကာနိုင်ငံသား ၃၀ ဝန်းကျင်မှာ နေ့စဉ် သေဆုံးနေကြသည်။

တစ်နှစ်အတွင်း ယာဉ်မတော်တဆမှုနှင့် အိမ်တွင်းမတော်တဆမှုကြောင့် သေဆုံးသူဦးရေမှာ ၁၂၀၀၀ ရှိသည်ဟု ၎င်းက ဆက်ပြောသည်။ မကူးစက်နိုင်သည့်ရောဂါများမှာလည်း နိုင်ငံအတွင်းအနာဂတ်တွင် ကြုံတွေ့ရမည့် နောက်ထပ် အဓိကစိန်ခေါ်မှုကြီးဖြစ်သည်ဟု ၎င်းက ပြောသည်။

အသက် ၃၅ နှစ်အောက် နိုင်ငံသား ၃၀ ရာခိုင်နှုန်းမှာ သွေးတိုးခြင်းကို ခံစားနေရပြီး ၁၅ ရာခိုင်နှုန်းမှာ ဆီးချိုရောဂါခံစားနေရသည်ဟု ၎င်းက ပြောသည်။ နိုင်ငံအတွင်းကလေး ၁၀ ရာခိုင်နှုန်းမှာလည်း အဝလွန်သည့် ရောဂါကိုခံစားနေရသည်ဟု ၎င်းက ပြောသည်။

**ဆင်ဟွာ**

## ဟားမားစ်တို့နှင့်အပစ်အခတ်ရပ်စဲရေးသက်တမ်းတိုးရန် အစ္စရေးက အတည်ပြု

ဂျေရုဆလင် နိုဝင်ဘာ ၃၀

ဂါဇာကမ်းမြောင်ဒေသတွင် ဟားမားစ်တို့နှင့် အပစ်အခတ်ရပ်စဲသည့် သက်တမ်းတိုးမည်ဖြစ်ကြောင်း အစ္စရေးကာကွယ်ရေးဌာနက နိုဝင်ဘာ ၃၀ ရက် နံနက်ပိုင်းတွင် အတည်ပြုပြောကြားခဲ့သည်။

ဓားစာခံများ ပြန်လွှတ်ပေးရေးအတွက် ကြားဝင်စေ့စပ်ပေးသူများ၏ ကြိုးပမ်းအားထုတ်မှုဆက်လက်လုပ်ဆောင်နိုင်ရေး စစ်ဆင်ရေးကို ရပ်နားထားမည်ဟု လက်ရှိ အပစ်အခတ်ရပ်စဲရေးသဘောတူညီမှု သက်တမ်းမကုန်ဆုံးမီ အချိန်ပိုင်းတွင် အစ္စရေးကာကွယ်ရေးဌာနက ကြေညာချက် ထုတ်ပြန်ခဲ့သည်။



အစ္စရေး - ဂါဇာနယ်စပ်အနီးတွင် အစ္စရေးတပ်ဖွဲ့ဝင်များကို နိုဝင်ဘာ ၂၉ ရက်က တွေ့ရစဉ်။

အချိန်မည်မျှ ရပ်နားထားမည်ဖြစ်ကြောင်းကိုမဖော်ပြခဲ့ပေ။ ဟားမားစ်တို့၏ ထုတ်ပြန်ချက်အရ အပစ်အခတ်ရပ်စဲမှုမှာ နောက်တစ်ရက် ထပ်ကြာမြင့်မည်ဟု သိရသည်။ နိုဝင်ဘာ ၃၀ ရက်တွင် ဓားစာခံ ရှစ်ဦးသာ ပြန်လွှတ်ပေးမည်ဖြစ်သည်။

အပြန်အလှန်အားဖြင့် အစ္စရေးဘက်မှလည်း အကျဉ်းထောင်တွင်ဖမ်းဆီးထားသည့် ပါလက်စတိုင်း ၃၀ ကို ပြန်လွှတ်ပေးမည်ဖြစ်သည်။ နှစ်ဖက်စလုံးမှ အပစ်အခတ်ရပ်စဲမှုအဖြစ် ဓားစားခံများကို ခြောက်ကြိမ်တိုင်တိုင် ပြန်လွှတ်ပေးပြီးဖြစ်သည်။

နိုဝင်ဘာ ၂၉ ရက်ကလည်း ထိုင်းနိုင်ငံသားလေးဦးနှင့်အစ္စရေး ၁၀ ဦးကို ပြန်လွှတ်ပေးခဲ့သည်။ ၎င်းတို့ကို အစ္စရေးဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး နိုဝင်ဘာ ၃၀ ရက် နံနက်ပိုင်းအထိ ကျန်းမာရေးအခြေအနေကို စောင့်ကြည့်ခဲ့သည်။

**ဆင်ဟွာ**

## အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟောင်း ဟင်နရီကစ်ဆင်ဂျာ အသက် ၁၀၀ တွင် သေဆုံး



အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟောင်း ဟင်နရီ ကစ်ဆင်ဂျာ။

ဝါရှင်တန် နိုဝင်ဘာ ၃၀

အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဟောင်း ဟင်နရီကစ်ဆင်ဂျာ သည် အသက် ၁၀၀ တွင် သေဆုံးသွားပြီဖြစ်သည်။

ကွန်နက်တီကက်ပြည်နယ်ရှိ ၎င်း၏နေအိမ်တွင် နိုဝင်ဘာ ၂၉ ရက်တွင် သေဆုံးခဲ့ခြင်းဖြစ်သည်ဟု ကစ်ဆင်ဂျာအကြံပေးအဖွဲ့က ပြောသည်။

၎င်းသည် ဂျာမနီရှိ ဂျူးမိသားစုတွင် မွေးဖွားကြီးပြင်းခဲ့ခြင်းဖြစ်ပြီး နာဇီတို့၏ညှဉ်းပန်းနှိပ်စက်မှုမှ လွတ်မြောက်လာခဲ့ပြီးနောက် ၎င်းတို့မိသားစုသည် ၁၉၃၈ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုသို့ ပြောင်းရွှေ့လာပြီးနောက် အမေရိကန်နိုင်ငံသားအဖြစ် ခံယူခဲ့သည်။

ကစ်ဆင်ဂျာသည် ၁၉၆၉ ခုနှစ် အမေရိကန်သမ္မတဟောင်း ရစ်ချက်နစ်ဆင်၏ လက်ထက်တွင် အမျိုးသားလုံခြုံရေးအကြံပေးအဖြစ် တာဝန်ပေးခံရသည်။

၁၉၇၃ ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီးဖြစ်လာခဲ့သည်။ ၎င်းသည် သမ္မတနစ်ဆင်နှင့် ဂဲရက်ဖို့ဒ် လက်ထက်တို့တွင် နိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

ယခင် ဆိုဗီယက်ပြည်ထောင်စုနှင့် အမေရိကန်ပြည်ထောင်စု၏တင်းမာမှုကိုဖြေလျှော့ရန် ကစ်ဆင်ဂျာကြိုးပမ်းခဲ့သည်။ ၁၉၇၃ ခုနှစ်အတွက် ပူးတွဲနိုဘယ်ငြိမ်းချမ်းရေးဆုကို ဟင်နရီကစ်ဆင်ဂျာ ရရှိခဲ့သည်။

ဗီယက်နမ်စစ်ပွဲတွင် အမေရိကန်၏ ပါဝင်ပတ်သက်မှုကို အဆုံးသတ်နိုင်ရန် ကြိုးပမ်းမှုအတွက် ငြိမ်းချမ်းရေးနိုဘယ်ဆုကို ပူးတွဲရရှိခဲ့ခြင်းဖြစ်သည်။ ကစ်ဆင်ဂျာသည် မကြာသေးမီ နှစ်ပိုင်းအထိ သံတမန်ရေးရာ ကိစ္စရပ်များတွင် တက်ကြွစွာပါဝင်ခဲ့သည်။

**အန်နင်အိတ်ချ်ကေ**

- မြန်မာ-တရုတ် ရေကြောင်းလုံခြုံရေးလေ့ကျင့်ခန်း စတင်ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် စစ်ရေယာဉ်များကို အပြန်အလှန်လေ့လာခြင်း
- နယ်စပ်ဒေသများတွင် တရားမဝင် ဝင်ရောက်နေထိုင်သည့် နိုင်ငံခြားသားများအား တရုတ်နိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးမှုအခြေအနေများ
- နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးတို့အတွက် တရုတ်-မြန်မာ နှစ်နိုင်ငံအစိုးရနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအကြား ပူးပေါင်းဆောင်ရွက်နေမှုများ
- ပြည်ဖျက်မီဒီယာများ၊ အနောက်နိုင်ငံအားကိုးမီဒီယာများမှ နိုင်ငံအတွင်းဖြစ်ပေါ်နေသောအခြေအနေများကို ကောလာဟလသတင်း မျိုးစုံထုတ်လွှင့်နေမှုများ
- ၃၀-၁၁-၂၀၂၃ ရက်နေ့ ရှမ်းပြည်နယ်(အရှေ့မြောက်ဘက်)၊ ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ထိတွေ့တိုက်ပွဲ ဖြစ်ပွားမှုများအတွင်း ရန်သူများအနေဖြင့် ပြည်သူပိုင်အဆောက်အအုံများ၊ ပညာရေး၊ ကျန်းမာရေးအဆောက်အအုံများကို အကာကွယ်ယူ၍တိုက်ခိုက်နေပြီး တပ်မတော်အပေါ် မဟုတ်မမှန် ကောလာဟလထုတ်လွှင့်နေမှု အခြေအနေများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်



မြန်မာနိုင်ငံကို ချစ်ကြည်ရေးအလည်အပတ်ခရီးစဉ် အနေနဲ့ မြန်မာ-တရုတ် ရေကြောင်းလုံခြုံရေး လေ့ကျင့်ခန်းဆောင်ရွက်ဖို့ ရောက်ရှိနေတဲ့ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (တပ်မတော်ရေ) က အရာရှိ၊ စစ်သည်များအနေနဲ့ ဒီနေ့ မြန်မာနိုင်ငံက စစ်ရေယာဉ်များကို အပြန်အလှန်လေ့လာခဲ့ပါတယ်။ မနက်ဖြန်မှာတော့ မြန်မာ-တရုတ် ရေကြောင်းလေ့ကျင့်ရေးလုပ်ငန်း လေ့ကျင့်ခန်း စတင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဒီနေ့မှာတော့ နယ်စပ်ဒေသတွေမှာ တရားမဝင် ဝင်ရောက်နေထိုင်နေတဲ့ နိုင်ငံခြားသား အမျိုးသား ၁၈၂ ဦး၊ အမျိုးသမီး ၃၀ ဦး၊ စုစုပေါင်း ၂၁၂ ဦးကို တရုတ်နိုင်ငံဘက်က တာဝန်ရှိသူများထံကို လွှဲပြောင်းပေးခဲ့ပါတယ်။ စုစုပေါင်း ဒီနေ့အထိ ၁၀၃၈၂ ဦးရှိပြီးဖြစ်ပါတယ်။ နယ်စပ်ဒေသတွေမှာ တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေး အတွက် တရုတ်-မြန်မာ နှစ်နိုင်ငံအစိုးရနဲ့ လုံခြုံရေး တပ်ဖွဲ့ဝင်များအကြား နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ပြောချင်တယ်။

နောက်တစ်ခုက ကောလာဟလသတင်းတွေ ဖြစ်ပါတယ်။ အခုအချိန်မှာ ပြည်ဖျက်မီဒီယာများ၊ အနောက်နိုင်ငံအားကိုး မီဒီယာများအနေနဲ့ နိုင်ငံအတွင်းမှာ ဖြစ်ပေါ်နေတဲ့အခြေအနေပေါ်တွေမှာ ကောလာဟလတွေမျိုးစုံ ထုတ်လွှင့်နေတာရှိပါတယ်။ အင်းစိန်မှာရှိတဲ့ ဦးပိုင် ပိုင်ဆိုင်တဲ့ကားဝင်းကို Drop Bomb ချခဲ့တယ်။ ပြီးရင်လက်နက်ကြီးနဲ့ ပစ်ခတ်ခဲ့တယ်ဆိုတဲ့ မဟုတ်မမှန်သတင်း ထုတ်လွှင့်နေတာဖြစ်ပါတယ်။ ဒီသတင်းသည် သတင်းမှားပဲဖြစ်ပါတယ်။ နောက်တစ်ခုက စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မှာ မြို့သိမ်းတိုက်ပွဲ ဆင်နွှဲနေတယ်။ တပ်ဘက်ကနေ ဘယ်လောက်ကျဆုံးတယ် ဆိုတာမျိုးတွေ ထုတ်လွှင့်နေတာရှိပါတယ်။ အဲဒီသတင်းထုတ်လွှင့်နေတဲ့သူတွေက အသိဆုံးပဲ ဖြစ်ပါတယ်။ မနေ့က ဖြစ်ခဲ့တဲ့ ဖြစ်စဉ်မှာ ဘယ်လောက်အထိ KIA၊ PDF အဖွဲ့များသေဆုံး ဒဏ်ရာရခဲ့တယ်ဆိုတာ သူတို့ အသိဆုံးပဲဖြစ်ပါတယ်။ နောက်တစ်ခုက ကျောက်မဲမှာ နိုဝင်ဘာလ ၂၇ ရက်နေ့ အဝေးပြေးလမ်းမမှာရှိတဲ့ Toll Gate အနီးတစ်ဝိုက်မှာ ထိတွေ့တိုက်ပွဲဖြစ်စဉ် ဖြစ်ပွားခဲ့တာရှိပါတယ်။ အဲဒီမှာတော့ TNLA၊ MNDAAပူးပေါင်းအဖွဲ့က ကျဆုံးမှုများစွာရှိခဲ့ပါတယ်။ ကျောက်မဲမှာနေတဲ့ ဒေသခံတွေအနေနဲ့ အဲဒီဖြစ်စဉ်ကြောင့် ခေတ္တရှောင်တိမ်းနေရာမှ မြို့ထဲကို ပြန်လာတဲ့အခါမှာ အပုပ်နံ့တွေရလို့ လိုက်လံရှာဖွေတဲ့အခါမှာ တရုတ်သင်္ချိုင်းအနီးမှာရှိတဲ့ သေဆုံးနေတဲ့ TNLA၊ KIA၊ MNDAA၊ PDF တံဆိပ်ပါတဲ့ အလောင်းပေါင်း မြောက်မြားစွာ တွေ့ရှိခဲ့ရပါတယ်။ မြို့နယ်လူထုနဲ့ လုံခြုံရေးတပ်ဖွဲ့များ ပူးပေါင်းရှင်းလင်းခဲ့ရပါတယ်။ ဒါ့အပြင် မောင်ဖုန်းတောင်အဆင်းလမ်းမှာလည်း ဒီအတိုင်းပစ်ချခဲ့တဲ့ ခုနအဖွဲ့တွေရဲ့ ယူနီဖောင်းပါတဲ့ အလောင်းတွေ တွေ့ခဲ့ရပါတယ်။ ဒါတွေကို ကျွန်တော်တို့ရှင်းလင်းရေး ဆောင်ရွက်နေပါတယ်။ ဒါနဲ့ပတ်သက်ပြီး ပြောချင်တာကတော့ ပြည်ပမှာ နေထိုင်နေတဲ့ တိုင်းဖျက် ပြည်ဖျက် ဆန့်ကျင်ရေးသမားတွေ၊ ပြည်ပကနေပြီး အသံကောင်းဟစ်နေတဲ့ တိုင်းဖျက် ပြည်ဖျက် အနောက်အားကိုး မီဒီယာများရဲ့ မြှောက်ပင့်မှု၊ ကောလာဟလတွေကြောင့် ကျွန်တော်တို့မြန်မာနိုင်ငံမှာ သေဆုံးရတဲ့သူ မနည်းပါဘူး။ ကျွန်တော်ပြောခဲ့သလိုပါပဲ။ ဒီသေဆုံးရတဲ့သူတွေဟာ မြန်မာနိုင်ငံသားတွေပဲ ဖြစ်ပါတယ်။ တပ်မတော်ဘက်ကပဲ ကျဆုံးသည်ဖြစ်စေ၊ ရန်သူဘက်က သေဆုံးသည်ဖြစ်စေ၊ မြန်မာနိုင်ငံသားတွေပဲဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံသည် လွတ်လပ်ရေးရပြီးကတည်းက တိုင်းပြည်တွင်း သောင်းကျန်းမှုနဲ့ ကြုံတွေ့ခဲ့ရပြီး တိုင်းပြည်ဖွံ့ဖြိုးသင့်သလောက် မဖွံ့ဖြိုးခဲ့ရပါဘူး။ ခုအချိန်မှာလည်း ဒီဝဲဂယက်ထဲမှာပဲ ရှိနေတာကို တွေ့နိုင်မှာ ဖြစ်ပါတယ်။ ဒါတွေကို ယခင်ကတည်းက ကျွန်တော်တို့ကို ကိုလိုနီနယ်ချဲ့ခဲ့တဲ့ အနောက်နိုင်ငံတွေက ဦးစီးပြီး လုပ်ဆောင်နေတာဖြစ်ပါတယ်။ အခုချိန်မှာလည်း သူတို့ပဲ ဦးစီးပြီးလုပ်ဆောင် ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒါတွေကို ကျွန်တော်တို့ ပြည်သူလူထုတစ်ရပ်လုံးက သတိရှိရမှာဖြစ်ပါတယ်။ ဒီနေ့ထိတွေ့တိုက်ပွဲဖြစ်ပွားမှု အနေနဲ့ကတော့ နန့်ခမ်း၊ ၁၀၅ မိုင် မူဆယ်၊ တာမိုးညွဲဘက်မှာတော့ ထိတွေ့တိုက်ပွဲဖြစ်ပွားမှု ရှိပါတယ်။ တာမိုးညွဲနဲ့ နန့်ခမ်းမှာတော့ ရန်သူ ထိခိုက်ကျဆုံးမှုများပြားတယ်ဆိုတာ သိရပါတယ်။ ကယားပြည်နယ်ဘက်မှာတော့ လွိုင်ကော်က အထကကျောင်းအနီးမှာ ထိတွေ့တိုက်ပွဲဖြစ်ပွားမှု ရှိပါတယ်။ ရခိုင်ပြည်နယ်ဘက်မှာတော့ ပေါက်တော အထက်တန်းကျောင်းနားမှာ ထိတွေ့တိုက်ပွဲ ဖြစ်ပွားမှု ရှိပါတယ်။ ဒီရန်သူအနေနဲ့ ပြည်သူပိုင် အဆောက်အအုံတွေ၊ ပညာရေး၊ ကျန်းမာရေး အဆောက်အအုံတွေကို အကာအကွယ်ယူပြီးတော့ တပ်မတော်ကို တိုက်ခိုက်တာတွေ၊ ပစ်ခတ်တာတွေ လုပ်ဆောင်နေတာဖြစ်ပါတယ်။ တပ်မတော်က တိုက်ခိုက်ပစ်ခတ်လို့ရှိရင် ကျောင်းကိုပစ်ခတ်တယ်၊ ဆေးရုံကိုပစ်ခတ်တယ်ဆိုတဲ့ ကောလာဟလ သတင်းတွေ၊ မဟုတ်မမှန်သတင်းတွေ၊ လုပ်ကြံသတင်းတွေ ဖန်တီးပြီးဆောင်ရွက်နေတာဖြစ်ပါတယ်။ စစ်ရေးဆိုင်ရာ အခြေအနေနဲ့ ဥပဒေတွေအရ ကျွန်တော်တို့အနေနဲ့ အရပ်ဘက်အဆောက်အအုံတစ်ခုလို့ သတ်မှတ်ထားတဲ့နေရာ၊ ဒီသတ်မှတ်ထားတဲ့ နေရာသည် ရန်သူက ကိုယ့်ကို မပစ်မခတ်မချင်း အရပ်ဘက် အဆောက်အအုံပါပဲ။ ရန်သူက ကိုယ့်ကို ဒီဟာပေါ်မှာမူတည်ပြီး ပစ်ခတ်လာရင်တော့ ဒါစစ်ဘက်ဆိုင်ရာ အဆောက်အအုံအဖြစ် ပြောင်းလဲသွားမှာဖြစ်ကြောင်း အသိပေးပြောကြားလိုပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

## လုပ်ငန်းနယ်ပယ်ကဏ္ဍအသီးသီးမှ စားသုံးသူများကို ချိတ်ဆက်ရာ ပင်မ အရင်းအမြစ်တစ်ခု ဖြစ်သည့် အိန္ဒိယနိုင်ငံမှ အပြည်ပြည်ဆိုင်ရာ MEGA ကုန်စည်ပြပွဲသို့ မြန်မာကုန်ပစ္စည်းများ သွားရောက်ပြသရန် အစီအစဉ်ရှိ

**ရန်ကုန် နိုဝင်ဘာ ၃၀**

လုပ်ငန်းနယ်ပယ်ကဏ္ဍအသီးသီးမှ စားသုံးသူများကို ချိတ်ဆက်ရာ ပင်မအရင်းအမြစ်တစ်ခုဖြစ်ပြီး ရက်ရှည်ကျင်းပမည့် အိန္ဒိယနိုင်ငံမှ အပြည်ပြည်ဆိုင်ရာ MEGA ကုန်စည်ပြပွဲသို့ မြန်မာကုန်ပစ္စည်းများ သွားရောက်ပြသရန် အစီအစဉ်ရှိကြောင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အဖွဲ့ချုပ် (UMFCCI) ထံမှ သိရသည်။

"အိန္ဒိယနိုင်ငံ အပြည်ပြည်ဆိုင်ရာMEGA ကုန်စည်ပြပွဲ" ကို အိန္ဒိယနိုင်ငံ၊ ဘင်္ဂလားကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် G.S Marketing Associates တို့က ကြီးမှူးပြီး Kolkataမြို့၊ သိပ္ပံမြို့တော်၌ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်မှ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ဘင်္ဂလားကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် G.S Marketing Associates တို့က အဆိုပါပြပွဲကို ကျင်းပလာခဲ့ရာတွင် တစ်နှစ်ပြီးတစ်နှစ် ကြာလာသည်နှင့်အမျှ အဆိုပါ ကုန်စည်ပြပွဲသည် လုပ်ငန်းရှင်များ၊ ကုန်သည်များနှင့် ကဏ္ဍအသီးသီးမှ စားသုံးသူများကို ချိတ်ဆက်ပေးသည့် အခွင့်အလမ်းများရရှိရာ ဗဟိုချက်အဖြစ် ပြောင်းလဲလာကြောင်း ဘင်္ဂလားကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်က ဖော်ပြထားသည်။

မြန်မာနိုင်ငံအတွက် G.S Marketing Associates မှ အခမဲ့ပြခန်းတစ်ခန်း စီစဉ်ပေးမည်ဖြစ်သောကြောင့် အသင်းအဖွဲ့များမှ နေ့ရက်အလိုက် အပိုင်းများ ခွဲဝေသတ်မှတ်၍ ပါဝင်ပြသနိုင်မည်ဖြစ်ပြီး အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များစေလွှတ်၍ ပါဝင်ပြသနိုင်ခြင်းမရှိပါက မိမိတို့၏ ထုတ်ကုန်ပစ္စည်းနမူနာများ၊ Brochure များ ပေးပို့၍ စီးပွားရေးသံမှူး၊ Kolkata မြို့၏အကူအညီဖြင့် မြန်မာပြခန်းပါဝင်ပြသနိုင်မည် ဖြစ်ကြောင်းလည်း သိရသည်။

"ကျွန်တော်တို့ ပြသသွားဖို့ စဉ်းစားနေပါတယ်။ ဘာလို့လဲဆိုတော့ အိန္ဒိယဟာလည်း မြန်မာနိုင်ငံနဲ့ဆိုရင် စီးပွားဖက်နိုင်ငံတစ်နိုင်ငံ ဖြစ်သလို ပို့ကုန်၊ သွင်းကုန်လုပ်ရာ နိုင်ငံလည်းဖြစ်တာကြောင့် ပြည်ပဆီ ကိုယ့်ကုန်ပစ္စည်းကို ပြသနိုင်မှာပါ။ ပြီးတော့ အခွင့်အလမ်းတွေလည်း ရှိတာကြောင့် စဉ်းစားနေပါတယ်" ဟု ကုန်ထုတ်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ကုန်စည်ပြပွဲသို့ ပါဝင်တက်ရောက်ရန် စိတ်ပါဝင်စားသည့် UMFCCI ရှိ ညီနောင်အသင်းများနှင့် စီးပွားရေးလုပ်ငန်းရှင်များအနက် ပါဝင်တက်ရောက်သူများအနေဖြင့် မိမိတို့၏ Company Letterhead ဖြင့် တက်ရောက်မည့်သူ၏ အမည်၊ ရာထူး၊ ကုမ္ပဏီ/လုပ်ငန်း/အသင်းအဖွဲ့ အမည်၊ Email Address နှင့် ဖုန်း နံပါတ်တို့အား ကုန်သည်/ စက်မှုအသင်းချုပ်၊ အသင်းသားရေးရာဌာန၊ ပြပွဲဌာနစိတ်သို့ ပေးပို့ရမည် ဖြစ်ကြောင်းလည်း သိရသည်။

**ထက်ဦးမောင်**

## ဆီဆိုင်မြို့နယ်၌ MSME လုပ်ငန်းဆောင်ရွက်လျက်ရှိသည့်

# ခင်ခင်စန်းအမှတ်တံဆိပ် ထိုးမုန့်လုပ်ငန်း

တွေ့ဆုံမေးမြန်း- ဒေါ်နွေးနွေးယု၊ ဓာတ်ပုံ- မျိုးမြတ်(ဆီဆိုင်)



မုန့်ဖုတ်ပြီးသော မုန့်များအား ထုပ်ပိုးနေစဉ်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဦးတည်ချက်(၉)ရပ်ကို ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ စီးပွားရေးဦးတည်ချက်တွင်ပါဝင်သည့် "တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကိုမဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး"ဆိုသည့်ဦးတည်ချက်နှင့်အညီ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး MSME လုပ်ငန်းများကို ဆီဆိုင်မြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိပါသည်။**

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်၌ မှတ်ပုံတင်ထားသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများမှ အမှတ်တရလက်ဆောင် မုန့်တစ်ခုအနေဖြင့် ထုတ်လုပ်ရောင်းချပေးလျက်ရှိသော ဒေသထွက်ထုတ်ကုန်တစ်ခုဖြစ်သည့် ထိုးမုန့်လုပ်ငန်းသည် လူမျိုးဘာသာမရွေး သန့်ရှင်းလတ်ဆတ်စွာ စားသုံးနိုင်ရန် ထုတ်လုပ်ရောင်းချ ပေးလျက်ရှိကြောင်း သိရသည်။ အဆိုပါလုပ်ငန်းနှင့် ပတ်သက်၍ ဆီဆိုင်မြို့ အောင်သပြေရပ်ကွက်မှ ထိုးမုန့်လုပ်ငန်းရှင်တစ်ဦးဖြစ်သည့် ဦးခွန်ဝေမောင်နှင့် တွေ့ဆုံမေးမြန်းမှုကို ရေးသားဖော်ပြလိုက်ရပါသည်-

**မေး ။ ။ ထိုးမုန့်လုပ်ငန်း စတင်ဆောင်ရွက်ဖြစ်ပုံကို ရှင်းပြပေးပါ။**

ဖြေ ။ ။ ထိုးမုန့်လုပ်ငန်းကို ၁၉၈၅ ခုနှစ်ကတည်းလောက်က မိဘများလက်ထက်မှာ စတင်ပြုလုပ်ခဲ့ရာမှ လက်ရှိ မိသားစုသားသမီးများလက်ထက်အထိ လုပ်ကိုင်ဆောင်ရွက်လာတာဖြစ်ပါတယ်။ မိဘလက်ထက်က ပြုလုပ်ခဲ့တဲ့လုပ်ငန်းလည်းဖြစ်တော့ မိဘအမွေလုပ်ငန်းကို ဆက်လက်လုပ်ကိုင်ဆောင်ရွက်ဖြစ်တာပါ။

**မေး ။ ။ ဘယ်လိုကုန်ကြမ်းပစ္စည်းတွေကို အသုံးပြုတာလဲ၊ ပြုလုပ်ပုံအဆင့်ဆင့်နဲ့ ထိုးမုန့်အမျိုးအစား ဘယ်နှမျိုးထုတ်လုပ်တယ်ဆိုတာလည်း သိပါရစေ။**

ဖြေ ။ ။ ကုန်ကြမ်းတွေကတော့ အဓိကသုံးတာ ကောက်ညှင်း၊ ဂျုံ၊ အုန်းသီး၊ ပဲဆီ၊ ကြက်ဥ၊ ငချိပ်၊ ပဲမှုန့်၊ မြေပဲ၊ သီဟိုဠ်စေ့၊ စပျစ်သီးခြောက်နဲ့ သကြားစတာတွေကို အဓိကထားပြီး လူမျိုးဘာသာမရွေးသုံးဆောင်လို့ရအောင် သန့်ရှင်းလတ်ဆတ်စွာနဲ့ ပြုလုပ်ထားပါတယ်။ မုန့်အမျိုးအစားတွေကတော့ ထိုးမုန့်၊ လမုန့်၊ မုန့်ကုလားမည်း၊ ကုလားပဲချောင်းဆိုပြီးတော့ လေးမျိုးထုတ်လုပ်ရောင်းချပေးပါတယ်။

**မေး ။ ။ လက်ရှိဈေးကွက်အတွင်းရောင်းချပေးရာမှာ မုန့်အမျိုးအစားအလိုက် ဈေးနှုန်းလည်း သိပါရစေ။**

ဖြေ ။ ။ လက်ရှိ ဈေးကွက်မှာရောင်းချပေးတာက ဆီဆိုင်မြို့ (မြို့မဈေး) ဆီဆိုင်-တောင်ကြီး ပြည်ထောင်စုကားလမ်းမကြီးပေါ် ခေတ်မီကားဂိတ်ရဲ့မျက်နှာချင်းဆိုင်မှာ ကိုယ်ပိုင်ဆိုင်ခန်း ဖွင့်လှစ်ပြီးရောင်းချပေးပါတယ်။ မုန့်အမျိုးအစားအလိုက် ဈေးနှုန်းကတော့ ထိုးမုန့်တစ်ထုပ် ငွေကျပ်၂၅၀၀၊ လမုန့်တစ်ထုပ် ငွေကျပ် ၂၀၀၀၊ မုန့်ကုလားမည်းတစ်ထုပ် ငွေကျပ်၂၅၀၀၊ ပဲချောင်းတစ်ထုပ် ငွေကျပ် ၂၀၀၀ စသဖြင့် ရောင်းချပေးပါတယ်။

**မေး ။ ။ အဓိက ဘယ်လိုနေရာတွေကို တင်ပို့ရောင်းချနေသလဲဆိုတာ သိပါရစေ။**

ဖြေ ။ ။ အဓိကတော့ ဆီဆိုင်မြို့ရဲ့ အမှတ်တရလက်ဆောင်မုန့်တစ်ခုအနေနဲ့ ထုတ်လုပ်ရောင်းချပေးတာပါ။ ဒေသခံမြို့သူမြို့သားတွေ ခရီးသွားတဲ့အခါ မိမိဒေသရဲ့ လက်ဆောင်မုန့်တစ်ခုအဖြစ် ဝယ်ယူသွားကြတယ်။ နောက်ပြီး မြို့ကိုရောက်ရှိလာကြတဲ့ ခရီးသွားပြည်သူတွေလည်း လက်ဆောင်မုန့်အနေနဲ့ လာရောက်ဝယ်ယူကြတယ်။ ခုလောလောဆယ်တော့ သီးခြားနေရာတွေကို တင်ပို့ရောင်းချပေးတာ မရှိသေးဘူး။

**မေး ။ ။ တစ်နေ့ကို ထိုးမုန့်အရေအတွက်အားဖြင့် ဘယ်လောက်ရောင်းချရတာလဲ။**

ဖြေ ။ ။ ပုံမှန်တော့မရှိပါဘူး၊ အခါတွင်း ပွဲလမ်းသဘင်တွေရှိရင်တော့ ရောင်းမလောက်ဘူး၊ တစ်နေ့ ခန့်မှန်းပုံမှန်ရောင်းရတာကတော့မုန့်လေးမျိုးဆိုရင် အထုပ်အရေအတွက် ၁၀၀ နဲ့ ၁၅၀ ကြားမှာ ရောင်းရပါတယ်။

**မေး ။ ။ ကိုယ်ပိုင်လုပ်ငန်းလေးမှ စတင်ပြီး MSME လုပ်ငန်းထိဖြစ်အောင် အသေးစားစက်မှုလုပ်ငန်းအဖြစ် မှတ်ပုံတင်ထားရှိမှုကိုလည်း သိပါရစေ။**

ဖြေ ။ ။ အသေးစားစက်မှုလုပ်ငန်း(ဟိုပုံး)မှာ မှတ်ပုံတင်ထားရှိပါတယ်။ လုပ်ငန်းမှတ်ပုံတင်အမှတ်ကတော့ အစ(၁၃)ရှမ်း(၀၈၈၇) ဖြစ်ပါတယ်။ ဆီဆိုင်မြို့နယ်ရှိ အသေးစား၊ အငယ်စား အလတ်စား၊ စီးပွားရေး (MSME)လုပ်ငန်းများအနက် ထိုးမုန့်လုပ်ငန်းသည် မိသားစုဝင်ငွေတိုးပွားရေး၊ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးနိုင်ရေးနှင့် နိုင်ငံတော်စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်သည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။



ခင်ခင်စန်းထိုးမုန့်လုပ်ငန်းပိုင်ရှင် ဦးခွန်ဝေမောင်အား မေးမြန်းစဉ်။



မုန့်ဖုတ်သမားတစ်ဦး မုန့်များအား ဖုတ်နေစဉ်။

## ရှင်မတောင်ဒေသထွက်သနပ်ခါးများ စိုက်ပျိုးရေးသနပ်ခါးများထက် ဝယ်ယူသူပိုမိုများပြား

**ညောင်ဦး နိုဝင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ရှင်မတောင်ဒေသထွက် သနပ်ခါးများနှင့် မြိုင်မြို့နယ်ထွက် သနပ်ခါးများ စိုက်ပျိုးရေးသနပ်ခါးများထက် ဈေးနှုန်းပိုရစွာ ရောင်းချနေရကြောင်း ညောင်ဦးမြို့နယ် ဓမ္မရံဘုရားကြီး၌ ရောင်းချနေသည့် သနပ်ခါးပင်၊ သနပ်ခါးတုံး ရောင်းဝယ်ရေးပွဲစားများထံမှ သိရသည်။

အဆိုပါ သနပ်ခါး ရောင်းဝယ်ရေးပြုလုပ်နေသည့် ဓမ္မရံကြီးဘုရား သနပ်ခါးတန်းရှိ သနပ်ခါး ရောင်းဝယ်ရေးပြုလုပ်နေသည့် ဈေးသည် ၁၀ ဦးခန့်ရှိပြီး သနပ်ခါးပင်၊ သနပ်ခါးတုံးရောင်းဝယ်ရာတွင် ရေစကြိုမြို့နယ် ရှင်မတောင်ဒေသထွက် သနပ်ခါးပင်များ၊ မြိုင်မြို့နယ် ကန်နီရွာ၊ ဇောက်ပင်ရွာထွက် သနပ်ခါးများ၊ ပေါက်မြို့နယ်ထွက် သနပ်ခါးများသည် အရည်အသွေးကောင်းမွန်ပြီး အသွေးခံကာ လိမ်းခြယ်ရာတွင် မွှေးရနံ့ကြိုင်လှိုင်သင်းပျံ့ခြင်းတို့ကြောင့် မြန်မာပြည်တစ်လွှား နာမည်တစ်လုံးဖြင့် ရပ်တည်နေသော သနပ်ခါးဖြစ်ကြောင်း သနပ်ခါးပွဲစား ဒေါ်မြတ်မြတ်သင်းက ပြောသည်။

ရေစကြိုမြို့နယ်၊ မြိုင်မြို့နယ်နှင့် ပေါက်မြို့နယ်ထွက် သနပ်ခါးများသည် အပွေးထူ၍ ဝယ်ယူသူအကြိုက် ရှင်မတောင်သနပ်ခါးမျိုးများဖြစ်ကြောင်း၊ စိုက်ပျိုးရေးသနပ်ခါးသည် အခြားဒေသထွက် သနပ်ခါးများနှင့် ကွာခြားကာ သနပ်ခါးလိမ်းခြယ်ကြည့်ခြင်း၊ သနပ်းခါးသွေးကြည့်ခြင်းဖြင့် အရည်အသွေးကွာခြားမှုသိနိုင်ကြောင်း ရှင်မတောင်သနပ်ခါးသည် စိုက်ပျိုးရေးသနပ်ခါးတုံးများထက် ပို၍အထားခံခြင်းကြောင်း၊ ဈေးနှုန်းပိုမိုရရှိကြောင်း၊ ဝယ်ယူသုံးစွဲမှုလည်း များပြားကြောင်းသိရပြီး ရှင်မတောင်သနပ်ခါးများနှင့် ဈေးနှုန်းကွာခြားကြောင်း သိရသည်။ **ဒီပါလင်း**



# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဇမ္ဗူသီရိမြို့နယ်၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ ပြည်သူများနှင့်တွေ့ဆုံ၍ မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့်စပ်လျဉ်းပြီး ရှင်းလင်း၊ လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းများ တတိယနေ့အဖြစ် ဆက်လက်ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၃၀**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းများကို ယနေ့တွင် ဇမ္ဗူသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တတိယနေ့အဖြစ် ဆက်လက်ဆောင်ရွက်ခဲ့ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ အောင်ဇမ္ဗူရပ်ကွက် နယ်မြေ (၁)မှ နယ်မြေ(၁၁)ရှိ အုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူးများနှင့် မဲဆန္ဒရှင်ပြည်သူများ တက်ရောက်ခဲ့ကြသည်။



ရှေးဦးစွာ ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရွေးကောက်ပွဲအရာရှိ ဦးအောင်စိုးဝင်းနှင့် တာဝန်ရှိသူများသည် MEVM စက်တည်ဆောက်ပုံအကြောင်းအရာများ၊ အသုံးပြုပုံနည်းလမ်းများ၊ စက်နှင့်စပ်လျဉ်းသည့်အချက်အလက်များကို မဲဆန္ဒရှင်ပြည်သူများအနေဖြင့် စနစ်တကျသိရှိနားလည်၍ ကောင်းမွန်စွာအသုံးပြုဆောင်ရွက်နိုင်စေရန် ရှင်းလင်းပြောကြားပြီး လက်တွေ့စမ်းသပ်မဲပေးကြရာ မဲဆန္ဒရှင်ပြည်သူများသည် မဲပေးစက်၏ ထိန်းချုပ်စက် (Control Unit) ကို ၎င်းတို့ကိုယ်တိုင်ကိုင်တွယ်ဆောင်ရွက်ခြင်း၊ မဲပေးစက်မှထုတ်ပေးသည့် မဲရလဒ်စာရွက်နှင့် မဲပုံးအတွင်းရှိ မဲလက်မှတ်များ တိုက်ဆိုင်စစ်ဆေး၍ မဲရလဒ်မှန် မမှန်စိစစ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သည် အဆင့်အတန်းပြည့်မီသော ရွေးကောက်ပွဲများ ဖော်ဆောင်နိုင်ရေးအတွက် ပြည်တွင်းနည်းပညာရှင်များ၏ အကူအညီရယူ၍ Myanmar Electronic Voting Machine (MEVM) စက်အား မြန်မာနိုင်ငံ အခြေအနေနှင့်ကိုက်ညီမှုရှိစွာ ဖန်တီးဆောင်ရွက်ထားရှိပြီး မဲဆန္ဒရှင်ပြည်သူအများ သိရှိနိုင်စေရေး ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ယနေ့အထိ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ ပြည်ထောင်စုနယ်မြေအတွင်းရှိ တပ်နယ်များနှင့် မြို့နယ်အားလုံး၌ မဲဆန္ဒရှင်ပြည်သူ စုစုပေါင်း ၂၈၁၂၄ ဦးကို ရှင်းလင်းသရုပ်ပြသ၍ လက်တွေ့စမ်းသပ်မဲပေးစေခြင်းများ ဆောင်ရွက်ခဲ့ပြီး ဖြစ်သည်။

စမ်းသပ်မဲပေးခဲ့ကြသည့် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် အခက်အခဲမရှိ လွယ်ကူလျင်မြန်စွာ မဲပေးဆောင်ရွက်နိုင်ခဲ့ကြပြီး စက်နှင့် စပ်လျဉ်းသည့် ချို့ယွင်းချက် တစ်စုံတစ်ရာမျှ ဖြစ်ပေါ်ခဲ့ခြင်းမရှိသည့်အပြင် မဲလက်မှတ်ရိုက်နှိပ်မှုကုန်ကျစရိတ်၊ မဲရုံသုံးပစ္စည်းဝယ်ယူမှု ကုန်ကျစရိတ် စသည့် သမားရိုးကျစရိတ်များအား လျှော့ချနိုင်ခြင်း၊ ယခင်အခြေအနေတွင် အကြောင်းအမျိုးမျိုးကြောင့် ဖြစ်ပေါ်ခဲ့သည့် ပယ်မဲများ မရှိနိုင်တော့သည့်အတွက် မဲဆန္ဒရှင်တို့၏ ဆန္ဒမဲများ အဟောသိကံဖြစ်မှု မရှိနိုင်တော့ခြင်း၊ မဲရလဒ်များအား အချိန်တိုအတွင်း သိရှိနိုင်ခြင်း၊ မဲလက်မှတ်များ ဖောင်းပွစွာ ရိုက်နှိပ်မှုကဲ့သို့သော မဲမသမာမှုများ မရှိနိုင်တော့ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည့်အတွက် ရွေးကောက်ပွဲ၏ အနှစ်သာရဖြစ်သော ပြည်သူများ၏ဆန္ဒကို အပြည့်အဝ ဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## နယ်စပ်ဒေသများတွင် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေသူများအား ဥပဒေနှင့်အညီဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ ဆက်လက်လွှဲပြောင်းပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၃၀**

နိုင်ငံတော် အစိုးရအနေဖြင့် နယ်စပ်ဒေသများ အပါအဝင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထား ဆောင်ရွက်လျက်ရှိပြီး အချို့သောပြည်ပနိုင်ငံသားများအနေဖြင့် နယ်စပ်ဒေသများမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိကြောင်း သိရှိရသည့်အတွက် အုပ်ချုပ်ရေးအဖွဲ့အစည်းများမှ လိုအပ်သည့် စိစစ်မှုများပြုလုပ်ကာ ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ လွှဲပြောင်းပေးအပ်ခြင်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင်လည်း တရုတ်နိုင်ငံသား အမျိုးသား ၁၈၂ ဦး၊ အမျိုးသမီး ၃၀ စုစုပေါင်း ၂၁၂ ဦးကို စိစစ်ဖော်ထုတ်ရရှိခဲ့ပြီး ထပ်မံလွှဲပြောင်းပေးနိုင်ခဲ့ခြင်းကြောင့် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၃၀ ရက်အထိ တရုတ်နိုင်ငံသား အမျိုးသား ၈၂၁၆ ဦး၊ အမျိုးသမီး ၁၁၆၆ ဦး စုစုပေါင်း ၁၀၃၈၂ ဦးတို့ကို ဖော်ထုတ်ရရှိခဲ့ပြီး ဥပဒေနှင့်အညီ လိုအပ်သည့် စိစစ်ခြင်းများ ဆောင်ရွက်ခဲ့ကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိသူများထံသို့ စနစ်တကျ ပြန်လည်လွှဲပြောင်း ပေးအပ်ခြင်းများ ဆောင်ရွက်နိုင်ခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများမှ တရားမဝင်ဝင်ရောက်နေထိုင်လျက်ရှိသည့် ပြည်ပနိုင်ငံသားများအား စိစစ်ဖော်ထုတ်ခြင်းနှင့် ပြန်လည်လွှဲပြောင်းခြင်းလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## AFC Cup ပြိုင်ပွဲတွင် ဩစတြေးလျကလပ်ကို ရှမ်းယူနိုက်တက်အသင်း ရှုံးနိမ့်

**ရန်ကုန် နိုဝင်ဘာ ၃၀**

၂၀၂၃-၂၀၂၄ ရာသီ AFC Cup ပြိုင်ပွဲ အုပ်စုပွဲစဉ် (၅) အဖြစ် ဩစတြေးလျကလပ် မက်ကာသာအသင်းနှင့် မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းသည် နိုဝင်ဘာ ၃၀ ရက်က ထိုင်းနိုင်ငံရှိ BG Stadium ၌ ယှဉ်ပြိုင်ကစားရာ မက်ကာသာအသင်းက လေးဂိုးပြတ်အနိုင်ရခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းသည် အဝေးကွင်း၌ ရလဒ်ကောင်းရယူနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း နှစ်ကျော့စလုံး ဂိုးပြတ်အရှုံးနိမ့်ခဲ့သည်။ မက်ကာသာအသင်းသည် ရှမ်းယူနိုက်တက်ကို ဂိုးပြတ်အနိုင်ရခဲ့သဖြင့် နောက်တစ်ဆင့်တက်ရောက်ရန် မျှော်လင့်ချက်ပိုကောင်းလာသည်။

ရှမ်းယူနိုက်တက်အသင်းသည် ပထမပိုင်းတွင် မက်ကာသာအသင်းတိုက်စစ်ကို ထိန်းချုပ်နိုင်ခဲ့ပြီး ပေးဂိုးမရှိအောင် ကစားနိုင်ခဲ့သော်လည်း ဒုတိယပိုင်းတွင် ဂိုးများဆက်တိုက်ခွင့်ပြုခဲ့ရခြင်းဖြစ်သည်။ မက်ကာသာအသင်းအတွက် ဂိုးများကို ၄၆ မိနစ်တွင် ဒီဆေးဗားလ်၊ ၅၇ မိနစ်တွင် ဟိုးလ်မန်း၊ ၆၃ မိနစ်တွင် တိုမီဆာလာ့ဗ်၊ မိနစ် ၉၀ တွင် ဆာကိုတာဒီတို့က သွင်းယူခဲ့သည်။

ယခုပွဲအပြီးတွင် မက်ကာသာအသင်းက ငါးပွဲကစား ၁၂ မှတ်၊ ရှမ်းယူနိုက်တက်အသင်းက ငါးပွဲကစား တစ်မှတ်ရရှိထားသည်။ ရှမ်းယူနိုက်တက်အသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် ဒီဇင်ဘာ ၁၄ ရက်တွင် ကမ္ဘောဒီးယားကလပ် ဖနွမ်းပင်ခရောင်းအသင်းနှင့် အိမ်ကွင်းယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ရဲရင့်လွင်**

## ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ မော်တော်ဆိုင်ကယ် အခြေခံပြုပြင်ထိန်းသိမ်းနည်းသင်တန်းဖွင့်

**သာယာဝတီ နိုဝင်ဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူး၍ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး လုပ်ငန်းကော်မတီနှင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(ပဲခူး)တို့ပူးပေါင်းပြီး မော်တော်ဆိုင်ကယ်အခြေခံပြုပြင်ထိန်းသိမ်းနည်းသင်တန်း (၁/၂၀၂၃)ကို ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း (ပဲခူး) ၌ ဖွင့်လှစ် သင်ကြားပေးလျက်ရှိကြောင်း သိရသည်။



အဆိုပါသင်တန်းကို သင်တန်းသား ၂၀ ဖြင့် နိုဝင်ဘာလပထမပတ်မှစတင်ကာ ဒီဇင်ဘာ ၁ ရက်အထိ ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းတွင်မော်တော်ဆိုင်ကယ်နှင့် ပတ်သက်သော အသိပညာများကို စာတွေ့/လက်တွေ့ သင်ကြားပို့ချပေးလျက်ရှိကြောင်း၊ သင်တန်းပြီးဆုံးပါက သင်ယူရရှိသည့် အသိပညာရပ်များနှင့် ကျွမ်းကျင်မှုများကို အသုံးချပြီး မိမိတို့၏ လုပ်ငန်းနယ်ပယ်များတွင် ပြန်လည်အသုံးချလုပ်ကိုင်နိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

**စိုးမိုး(ပြန်/ဆက်)**

## နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးသည့် မိုးစပါးများ ရိတ်သိမ်း

**ပဲခူး နိုဝင်ဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် စိန်ချယ်ဖြိုးစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းလီမိတက်က နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ဆင်းသုခမျိုးစပါး စိုက်ဧက ၃၀၀ ကို နိုဝင်ဘာ ၂၉ ရက်က ရိတ်သိမ်းခဲ့ရာ တစ်ဧကလျှင် ၈၅ တင်း ထွက်ရှိခဲ့သည်။

ထို့ပြင် ဝေါမြို့နယ် ဖိုးဦးစိန်ကျေးရွာ စံပြလူငယ်စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းလီမိတက်က စိုက်ဧက ၁၀၃၀ တွင် ဆင်းသုခ၊ ဂျပန်နှင့် GW-11 မျိုးစပါးများ စိုက်ပျိုးခဲ့မှုကို ယခုရိတ်သိမ်းချိန်တွင်လည်း တစ်ဧကအထွက်နှုန်း ပျမ်းမျှ ၆၅ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



○ *ကျောဖုံးမှ*

မြင်းစီးအားကစားသမားများဖြစ်ကြသည့် မကြည်စင်လင်း၊ မရွှန်းလဲ့ဖူးလှိုင်၊ မသုသုဇင်တို့အားရွေးချယ်ထားကြောင်း သိရသည်။

အရည်အချင်းစစ်အခမ်းအနားတွင် မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးပြုံးမောင်မောင်က အားကစားသမားများအနေဖြင့် နိုင်ငံရပ်ခြား၌ ပထမဆုံးအကြိမ်ယှဉ်ပြိုင်ရမည်ဖြစ်သော်လည်း မိမိတို့အနေနှင့် လေ့ကျင့်ရည်ပြည့်ဝနေမည်ဆိုလျှင် ပါဝင်ယှဉ်ပြိုင်ကြမည့် အခြားနိုင်ငံများနှင့်ကောင်းစွာရင်ပေါင်တန်း ယှဉ်ပြိုင်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတကာအတွေ့အကြုံများလည်း များစွာရရှိနိုင်မည်ဖြစ်ကြောင်း၊ တိုင်းပြည်ကိုယ်စားပြုယှဉ်ပြိုင်ရမည်ဖြစ်သည့်အတွက် အဖွဲ့ချုပ်အနေဖြင့်သော်လည်းကောင်း၊ အားကစားသမားများ၊ မိဘများအနေဖြင့်သော်လည်းကောင်း များစွာဂုဏ်ယူစရာဖြစ်ကြောင်း၊ အချိန်နှင့်အမျှ လေ့ကျင့်ရေးသည်အရေးကြီးကြောင်း မှာကြားပြီး အားကစားသမားများ၏ လက်တွေ့တန်းခုန်စွမ်းရည်များကို စစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရသည်။

**အာကာစိုး**

## ကိုရီးယားသမ္မတနိုင်ငံတွင် သံတမန်အခန်းကဏ္ဍ၌ တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့ခြင်း အပါအဝင် အခြားစွမ်းဆောင်မှုများကြောင့် Korea Consumer Global Council က ချီးမြှင့်သည့်ဆုကို မြန်မာသံအမတ်ကြီးက ဒုတိယအကြိမ်မြောက် ထပ်မံရရှိ

**ရန်ကုန် နိုဝင်ဘာ ၃၀**

ကိုရီးယားသမ္မတနိုင်ငံတွင် သံတမန်အခန်းကဏ္ဍ၌ တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့ခြင်းအပါအဝင် အခြားစွမ်းဆောင်မှုများကြောင့် Korea Consumer Global Council က ချီးမြှင့်သည့်ဆုကို ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးက ဒုတိယအကြိမ်မြောက်အဖြစ် ထပ်မံရရှိခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနထံမှ သိရသည်။

ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသန့်စင်သည် နိုဝင်ဘာ ၂၉ ရက်က ဆိုးလ်မြို့ရှိ Korea Press Center ၌ကျင်းပသည့် ကိုရီးယားသမ္မတနိုင်ငံရှိ Korea Consumer Global Council က Korea Consumer Brand Grand Prize Awards ၏ တစ်စိတ်တစ်ဒေသအဖြစ် အပ်နှင်းသည့် 2023 Best Ambassador Award ကိုလက်ခံရရှိခဲ့ကာ ၂၀၂၂ ခုနှစ်ကလည်း Best Ambassador Award ကို သံအမတ်ကြီးက လက်ခံရရှိခဲ့ပြီး ယခု ၂၀၂၃ ခုနှစ်တွင် ဒုတိယအကြိမ် လက်ခံရရှိခဲ့ခြင်းဖြစ်သည်။

ဆုပေးခဲ့ခြင်းနှင့် ပတ်သက်၍ Korea Consumer Brand Awards Committee ၏ဥက္ကဋ္ဌဖြစ်သူ Mr. Kim Cheol-ho က မြန်မာသံအမတ်ကြီး ဦးသန့်စင်သည် ကိုရီးယားသမ္မတနိုင်ငံတွင် သံတမန်အခန်းကဏ္ဍ၌ တက်ကြွစွာပါဝင်ဆောင်ရွက်ခဲ့ခြင်း၊ Korea Consumer Global Council သို့ စဉ်ဆက်မပြတ် ကူညီဆောင်ရွက်ပေးခဲ့ခြင်းနှင့် နှစ်နိုင်ငံအကြား ယဉ်ကျေးမှုကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ခဲ့ခြင်းတို့ကြောင့် ၂၀၂၃ ခုနှစ်အတွက် Best Ambassador Award ကို ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း အခမ်းအနားတွင် ပြောကြားသည်။

အဆိုပါဆုသည် မြန်မာနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့အကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုတို့ ပိုမိုခိုင်မာစေရန် အားဖြည့်ပေးခဲ့ကြောင်း၊ ကိုရီးယားနိုင်ငံ၏ Polytechnic University နှင့် မြန်မာနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ သံတမန်ကဏ္ဍ၊ စီးပွားရေးနှင့်ယဉ်ကျေးမှုနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုများကို Korea Consumer Global Council နှင့်အတူ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သံအမတ်ကြီး ဦးသန့်စင်က Best Ambassador Award ကို လက်ခံရယူပြီးနောက် ပြောကြားသည့် ကျေးဇူးတင်စကားတွင် ထည့်သွင်းပြောကြားသည်။




မြန်မာသံအမတ်ကြီး ဦးသန့်စင်နှင့်အတူ ဖိလစ်ပိုင်နိုင်ငံနှင့် အယ်လ်ဂျီးရီးယားနိုင်ငံတို့မှ သံအမတ်ကြီးများကိုလည်း 2023 Best Ambassador Award ဆုများ အပ်နှင်းခဲ့ကြောင်း သိရသည်။ **ထက်ဦးမောင်**

## တရားမဝင် သတ္တုတွင်းထွက်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ ယာဉ်အပိုပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၃၀**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၈ ရက်တွင် ကချင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ရာတွင် မိုးကောင်းမြို့နယ် နမ္မတီးမြို့ ကံလှလမ်းဆုံ၌ မော်တော်ယာဉ် ငါးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် သလင်းကျောက် တန် ၁၃၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၆၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck ငါးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၄၆၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး မြန်မာ့ကျောက်မျက်ရတနာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုဝင်ဘာ ၂၉ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက ကျားကလေး - ဇာသပြင် - မော်လမြိုင်လမ်းပိုင်း၌ ရှောင်တခင်စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ မော်လမြိုင်မြို့သို့ မောင်းနှင်လာသောမော်တော်ယာဉ် နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် Seiberling ကားတာယာ (Used) အလုံး ၂၀၀၊ Quick ခေါက်ဆွဲခြောက် ၂၄၀၊ Triangle အသင့်စား ငါးသေတ္တာဘူး ၄၀၀၀၊ ပုဇွန်နှစ်ကောင် စားအုန်းဆီ တစ်လီတာပါဘူး ၂၄၀၀၊ MD လမုန့် ဘူး ၆၀၀ အပါအဝင် ကုန်ပစ္စည်း နှစ်မျိုး









(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၆၁၄၀၀၀) အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Condor တစ်စီးနှင့် Toyota Dyna တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၆၁၄၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ နိုဝင်ဘာ ၂၉ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် Vaseline Lotion ဘူး ၉၉၀၊ Combo Touch Glass (ဖုန်းမှန်)အခု ၂၅၀၀ အပါအဝင် ကုန်ပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၇၄၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆၇၄၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ နိုဝင်ဘာ ၂၉ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရပ်စောက်မြို့ မင်းကြီးသုံးပါး ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လားရှိုး-သီပေါ-နမ့်လမ်-နောင်ပိုး-ကျောက်ဂူ-အင်တော-ရပ်စောက်လမ်းကြောင်း အတိုင်း မောင်းနှင်လာသော မော်တော်ယာဉ်နှစ်စီးပေါ်မှ သွင်းကုန်လိုင်စင်နှင့် သွင်းကုန်ကြေညာလွှာများ တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထွက် ကြက်သွန်ဖြူ ၁၀၈၄၂ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၅၀၈၆၉၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor တစ်စီးနှင့် Nissan Caravan တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၅၀၈၆၉၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုဝင်ဘာ ၂၉ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်း အဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ရာတွင် မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Hitec ဒစ်ဂျစ်တယ်ကတ္တား အခု ၃၀၀ အပါအဝင် ကုန်ပစ္စည်း ၂၇ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၂၃၇၇၀၀၀) ကိုလည်းကောင်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသောမော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Label Stickers ၂၀၀၀ ကီလိုဂရမ်(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၉၇၇၇၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ နိုဝင်ဘာ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၂ မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၄၂၃၉၆၉၀ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများ ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၃၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေး ယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့်ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Lu Ker" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရှမ်းပြည်နယ်(မြောက်ပိုင်း) မဘိမ်းမြို့နယ် ငါးအိုးကျေးရွာနေ အောင်မင်းခန့်(ခ) အောင်ကြီးအား မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် မိုင်းခတ်မြို့မ ရဲစခန်း ၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှု ဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တောင်ငူ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲကျင်းပ

**တောင်ငူ နိုဝင်ဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု နည်းပညာသင်တန်းများမှ လုပ်ငန်းထူထောင်သူများအား ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက တောင်ငူမြို့ ကေတုမတီမြို့တော်ခန်းမ၌ ကျင်းပသည်။(ယာပုံ)



အခမ်းအနားတွင် အသေးစားစက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းတိုးက လုပ်ငန်းများထူထောင်မည့်သူများအနေဖြင့် မိမိတို့ဆောင်ရွက်မည့်လုပ်ငန်းအလိုက် လုပ်ငန်းစတင်လည်ပတ်နိုင်ရေးအတွက် အသေးစားစက်မှုလုပ်ငန်းဦးစီးဌာန၏ ညွှန်ကြားမှုများကို စနစ်တကျလိုက်နာဆောင်ရွက်ခြင်းဖြင့် အောင်မြင်သည့်အသေးစားကုန်ထုတ်လုပ်ငန်းရှင်များ ပေါ်ထွန်းလာစေရန် ပြောကြားသည်။

ဆက်လက်၍ ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးပွားရေး စီမံကိန်းဖြင့် တောင်ငူခရိုင်အတွင်း အမျိုးသမီးများ ဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်ကာ တောင်ငူမြို့နယ် ဇီးဒိုင်းကျေးရွာအုပ်စု ပဲပုတ်ကျေးရွာ၌ အခြေခံစက်ချုပ်နည်းပညာသင်တန်း၊ ခေတ်မီစံပြကျေးရွာများရှိ ဖြူးမြို့နယ် ငှက်ကြီးသိုက်စံပြကျေးရွာမှ ကျေးလက်နေပြည်သူများ ဝင်ငွေတိုးရေးရည်ရွယ်ကာ ဖွင့်လှစ်ခဲ့သည့် တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းတို့မှ ထူးချွန်သင်တန်းသူ ၁၀ ဦးအား တစ်ဦးလျှင် ငွေကျပ် ၁၀ သိန်းနှင့်ညီမျှသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများကို အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းတိုး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေဝင်းအောင်နှင့် ပဲခူးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်ဇင်ထွန်းတို့က ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြသထားသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများကို အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့ဝင်များက ကြည့်ရှုခဲ့ကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

# မြို့သစ်မြို့နယ်၌ Refractive Error ရှိသော ကျောင်းသား ကျောင်းသူများအား (အခမဲ့)မျက်မှန်တပ်ဆင်ပေး

**မြို့သစ် နိုဝင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်၌ မြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ(၂၀၂၃)အကြိုလှုပ်ရှားမှုအဖြစ် "လူတိုင်းသက်ရှည်ကျန်းမာဖို့၊ ပြည်သူ့ကျန်းမာရေး မြှင့်တင်စို့"



ဆောင်ပုဒ်နှင့်အညီ မြို့သစ်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အလှူရှင်များပူးပေါင်း၍ အခြေခံပညာကျောင်းများမှ Refractive Error ရှိသော ကျောင်းသား ကျောင်းသူများအား မျက်မှန်တပ်ဆင်ပေးခြင်းအစီအစဉ်ကို ယမန်နေ့မွန်းလွဲပိုင်းက မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်မျိုးဇော်က မြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ (၂၀၂၃)အကြိုလှုပ်ရှားမှုအဖြစ် Refractive Error ရှိသော ကျောင်းသား ကျောင်းသူများအား (အခမဲ့)မျက်မှန်တပ်ဆင်ပေးခြင်းအစီအစဉ်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ Refractive Error ရှိသောကျောင်းသား ကျောင်းသူ ၁၇ ဦးအား မြို့နယ်ပညာရေးမှူး ဦးဝင်းအောင်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးနှင့်အလှူရှင်များက (အခမဲ့) မျက်မှန်တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

**ကိုဇော်(ပြန်/ဆက်)**



# ဆင်ပေါင်ဝဲမြို့၌ ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေး

**ဆင်ပေါင်ဝဲ နိုဝင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့၌ ပြည်သူ့ကျန်းမာရေးညီလာခံအကြိုအခြေခံပညာမူလတန်းအဆင့် ကျောင်းသား ကျောင်းသူများအား ယမန်နေ့ နံနက် ၁၀ နာရီခွဲက မြို့ပေါ်မူလတန်းကျောင်းများ၌ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ခဲ့သည်။

အဆိုပါလှုပ်ရှားမှုဆောင်ရွက်ရာတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမွန်စိုးရီ ဦးဆောင်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများက အခြေခံပညာကျောင်းများရှိ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများအား အသိပညာပေးဟောပြောခြင်းနှင့် မျက်စိရောဂါ အမြင်အာရုံစစ်ဆေးခြင်းများ ပြုလုပ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ထိုင်းတက္ကသိုလ်ပေါင်းစုံပညာရေးပြပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၃၀**

မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံရုံး၏ ပံ့ပိုးကူညီမှုဖြင့် ထိုင်းတက္ကသိုလ်ဘွဲ့ရမြန်မာကျောင်းသားများအသင်း (AMAUT) မှ ဦးစီးကျင်းပမည့် (၆)ကြိမ်မြောက် ထိုင်းတက္ကသိုလ်ပေါင်းစုံပညာရေးပြပွဲကို ဒီဇင်ဘာ ၃ ရက် (တနင်္ဂနွေ)နေ့တွင် ရန်ကုန်မြို့ Parkroyal Hotel ၌ ပြုလုပ်မည်ဖြစ်သည်။

ထိုင်းတက္ကသိုလ်ပေါင်းစုံပညာရေးပြပွဲတွင် ထင်ရှားကျော်ကြားသည့်နိုင်ငံတကာအဆင့်မီ ထိုင်းတက္ကသိုလ် ၁၂ ခုတို့မှ ပါဝင်ပြသမည်ဖြစ်သည်။

ပြပွဲတွင် လူငယ်ကျောင်းသား ကျောင်းသူများသည် မိမိတို့တက်ရောက်လိုသည့်ကျောင်းများကိုရွေးချယ်၍ လေ့လာဆည်းပူးလိုသောဘာသာရပ်များ၊ ပညာသင်ဆုဆိုင်ရာအခွင့်အရေးများကို သိရှိခွင့်ရမည်ဖြစ်သည်။ မိမိနိုင်ငံ၌ပင် ထိုင်းတက္ကသိုလ်များနှင့် တိုက်ရိုက်တွေ့ဆုံနိုင်ခွင့်ရရှိမည်ဖြစ်သည်။

အဆိုပါပြပွဲကို လူငယ်ကျောင်းသား ကျောင်းသူများ၊ မိဘဆရာများနှင့် စိတ်ပါဝင်စားသူများသည် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ အခမဲ့လာရောက်လေ့လာကြည့်ရှုနိုင်ကြောင်း သိရသည်။

**မျိုးမင်းသူရ**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၃၀ - ၁၁ - ၂၀၂၃

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၂၀၀ ကျပ် | ၂၂၄၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၂၉၀ ကျပ် | ၂၃၄၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၁၇၀ ကျပ် | ၂၂၂၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၃၀၀ ကျပ် | ၂၃၅၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန် စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်း သတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံ သတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၇၀၀ | ၈၈၀၀ | ၂၇၄ | ၂၃၈၆၂၀၀ |
| MTSH | ၂၉၀၀ | ၂၉၀၀ | ၂၁၀၄၄ | ၆၁၀၂၇၆၀၀ |
| MCB | ၇၁၀၀ | ၇၁၀၀ | ၁ | ၇၁၀၀ |
| FPB | ၁၅၅၀ | ၁၅၅၀ | ၁၅၈၂ | ၂၄၅၂၁၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၀၀၀ | ၂၀၀၀ | ၁၃၁၈၀၀ | ၂၅၀၄၅၀၃၀၀ |
| AHPC | ၄၉၀၀ | ၄၉၀၀ | ၂၁ | ၁၀၂၉၀၀ |
| MAEPC | ၁၆၅၀ | ၁၆၅၀ | ၄၆၀၈ | ၇၆၀၃၃၅၀ |

ညီညီ - စုစည်းသည်

## ဆံတော်ရှင် ဆူးလေစေတီတော်

## ဒွါဒသမအကြိမ်မြောက်၊ ရွှေထီးတော်၊ကိုယ်လုံးတော်နှင့် အရံစေတီတော်များအား ရွှေသင်္ကန်းတော်များကပ်လှူပူဇော်ခြင်းနှင့်ဘက်စုံမွမ်းမံပြင်ဆင်တည်ဆောက်မှုလုပ်ငန်းများ ပြီးစီးအောင်မြင်ခြင်း ရေစက်ချမင်္ဂလာအခမ်းအနား ဖိတ်ကြားခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သမိုင်းဝင် ဆံတော်ရှင် ဆူးလေစေတီတော်မြတ်ကြီးအား ဒွါဒသမ အကြိမ်မြောက်၊ ရွှေထီးတော်၊ ကိုယ်လုံးတော်နှင့် အရံစေတီတော်များအားရွှေစင် ရွှေပြား၊ မျက်ပါးရွှေသင်္ကန်းတော် ကပ်လှူပူဇော်ခြင်းနှင့် ဘက်စုံမွမ်းမံပြင်ဆင် တည်ဆောက်မှုလုပ်ငန်း များကို (၂၀၂၂)ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက် မှစတင်ဆောင်ရွက်ခဲ့ရာ (၂၀၂၃)ခုနှစ်၊ ဧပြီလ(၁၂) ရက်တွင် လုပ်ငန်းကြီး အောင်မြင်ချောမွေ့စွာပြီးမြောက်ပြီဖြစ်ပါသဖြင့် အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူပြည်သူအပေါင်း၏ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချမင်္ဂလာ အခမ်းအနားကို (၉-၁၂-၂၀၂၃)ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ပါ၍ ဒါနပါရမီရှင်၊ ကုသိုလ်ရှင်များမှ သာဓု အနုမောဒနာ ခေါ်ဆိုနိုင်ရန်အတွက် ရေစက်ချမင်္ဂလာ အခမ်းအနားသို့ ကြွရောက်နိုင်ပါရန် နိဗ္ဗာန်အကျိုးမျှော် နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

**ဆံတော်ရှင်ဆူးလေစေတီတော်၊ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 44W/65525, Honda Wave 110 M/Cယာဉ်လက်ဝယ်ရှိသူ ဦးဆန်းထွန်းဦး ၁၄/ပသန(နိုင်) ၂၅၉၄၄၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ ဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင် ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

---

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံး
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၉၀

၁။ ဦးရဲလင်းထွန်း နှင့် ဦးသန်းစိုး
၂။ ဦးသန်းစိုးမောင်

**တရားလိုများ** **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ အကွက် (၀-၄/၆၅) (က)ရပ်ကွက်နေ ဦးသန်းစိုး(ဘ)ဦးသောင်းဖေ (အမ်ဒီအင်န်-၁၄၈၃၈၅) (ယခု နေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးရဲလင်းထွန်းပါ-၂က ပဋိညာဉ်အတိုင်း အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆို နိုင်သူ ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက် (၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ် စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၈ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိုးနိုင်ချမ်း)**
**တွဲဖက်မြို့နယ်တရားသူကြီး (၂)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 61W/72525, Honda Click 125 M/Cယာဉ်လက်ဝယ်ရှိသူ ဦးသက်ထိုက်မြင့် ၁၄/ပသန(နိုင်) ၁၅၆၉၈၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ ဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

---

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 48W/60228 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 63W/21368, Kenbo-125, M/C ယာဉ်လက်ဝယ် ရှိသူ Khwar Nyo Trading Co.,Ltd. က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၃ယ/၄၁၅၁၇, Honda Click -125 ယာဉ်လက်ဝယ် ရှိသူ Mandalay Honda Co.,Ltd. က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံ သော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင် ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 53W/11274, Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ Thiri Tayza Min Co.,Ltdက (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေး ရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

